The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

## မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ်မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသောသူသည် မိမိကိုယ်ကို အကုသိုလ်မှစင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အတ္တဝဂ်(ဓမ္မပဒ–၁၅၇)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 18 August 2024 ၁၁၅၅၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားတွင် ကရင်တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေစဉ်။

# ရန်ကုန်မြို့ တိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမ၌ ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

ယနေ့ ဖတ်စရာ

ပဲခူးတိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း
စာမျက်နှာ » ၅

မေတ္တာအခါတော်နေ့နှင့် မေတ္တာပွားခြင်းအကျိုး
ဆောင်းပါး စာမျက်နှာ » ၆

ပြည်သူအများအားထားရာ ပြည်သူ့ဆေးရုံကြီးများ

ဆောင်းပါး စာမျက်နှာ » ၁၀

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ မိုးစပါးရာသီ စိုက်ဧက သိန်း ၂၀ ကျော် စိုက်ပျိုးပြီးစီး
စာမျက်နှာ » ၁၅


သီရိလင်္ကာနိုင်ငံက ၂၀၂၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားသုံးသန်းဝင်ရောက်ရန် မျှော်မှန်းထား
စာမျက်နှာ » ၁၃

Reg : 219/99
ရွှေရည်ပြည့်မှန်... အာမခံသည့်....
အောင်သမာဓိ စိန်ရွှေရတနာဆိုင် နှင့် ရွှေသန့်စင်လုပ်ငန်း
ရန်ကုန် ၊ မန္တလေး ၊ နေပြည်တော် ၊ ပြင်ဦးလွင်မြို့များရှိ အောင်သမာဓိ စိန်ရွှေရတနာဆိုင်နှင့်ရွှေသန့်စင်လုပ်ငန်းများအားလုံး " စက်တင်ဘာလ " မှစ၍
တနင်္ဂနွေနေ့တိုင်း ဆိုင်ပိတ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
Hotline No. 01-8377733, 02-4071744 , 067-3432655 , 085-2023390

ကြေးမုံ

# လူမှုစီးပွားဘဝအဆင်ပြေရေး အသိတရားဖြင့်ပူးပေါင်းဆောင်ရွက်

ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မော်တော်ယာဉ်အမျိုးမျိုး စုပြုံတန်းစီတိုးနေသည့် မြင်ကွင်းများကို နေ့စဉ်တွေ့မြင်နေရသည်။ ပြီးခဲ့သည့် ဇူလိုင်လအတွင်းကလည်း ထိုကဲ့သို့ စုပြုံတန်းစီသည့်အဖြစ်မျိုး ရှိခဲ့ဖူးသည်။ မော်တော်ယာဉ်ကြီးငယ်အမျိုးမျိုး သိန်းနှင့်ချီ၍ ရန်ကုန်မြို့တွင်ရှိနေပြီး အခြားမြို့ကြီးများတွင်လည်း ယာဉ်အမြောက်အမြားရှိနေသဖြင့် စက်သုံးဆီကိစ္စသာမက ယာဉ်နှင့်လမ်းဆိုင်ရာတို့တွင်ပါ စိန်ခေါ်မှုများစွာရှိနေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မော်တော်ယာဉ် အသစ်အဟောင်းအမျိုးမျိုး နှစ်စဉ်တိုးတက်များပြားနေသော်လည်း အဆိုပါယာဉ်များအားလုံး စက်သုံးဆီလောက်ငဖူလုံရေးအတွက် နိုင်ငံတော်နှင့်စက်သုံးဆီနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများက အဆင်ပြေအောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ မော်တော်ယာဉ်များအားလုံး၏ လိုအပ်သည့် စက်သုံးဆီအမျိုးမျိုးကို ပြည်ပမှဝယ်ယူတင်သွင်း ဖြည့်တင်းပေးရေးအတွက် အလျဉ်မပြတ်အောင် စီစဉ်ဆောင်ရွက်လျက်ရှိရာတွင် အကြောင်းအမျိုးမျိုးကြောင့် စက်သုံးဆီ အခိုက်အတန့်ပြတ်တောက်နိုင်သည့် အခြေအနေတစ်မျိုးမျိုးလည်းရှိမည်ဖြစ်သည်။

ယခင်တစ်ခေါက်က စက်သုံးဆီအရောင်းဆိုင်များတွင် ယာဉ်များစုပြုံတန်းစီမှု၊ စက်သုံးဆီပြတ်လပ်မှုများဖြစ်ပေါ်ခဲ့ရသည့်အကြောင်းမှာ ဇူလိုင်လလယ်ခန့်မှစ၍ နိုင်ငံအနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သောကြောင့် စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် သီလဝါဆိပ်ကမ်းရှိ Terminal များ၏ ပုံမှန်လုပ်ငန်းများ ဆောင်ရွက်နေမှု အနည်းငယ်နှောင့်နှေးကြန့်ကြာခြင်း၊ သယ်ယူပို့ဆောင်ရာတွင်လည်း လမ်းခရီးအခြေအနေများအရ ဆီတင်ယာဉ်ရောက်ရှိရန် အချိန်အနည်းငယ်ကြန့်ကြာခြင်းတို့ကြောင့် အရောင်းဆိုင်များသို့ ဆီမရောက်မီ စက်သုံးဆီအမျိုးအစားအချို့ ယာယီပြတ်လပ်မှုဖြစ်ပေါ်ခဲ့ပြီး ဆီတန်းစီသည့်ယာဉ်များ များပြားလာခဲ့သည်။

ယခုရက်ပိုင်းတွင် အွန်လိုင်းမီဒီယာများနှင့် ကောလာဟလသတင်းအမျိုးမျိုးကြောင့် နိုင်ငံအတွင်းရှိ မော်တော်ယာဉ်များ အထူးသဖြင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများရှိမော်တော်ယာဉ်ကြီးငယ်အမျိုးမျိုးတို့သည် ပုံမှန်ကာလများထက် စက်သုံးဆီဝယ်ယူမှု ပိုမိုများပြားလာသောကြောင့် မြို့ကြီးများအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မော်တော်ယာဉ်များ စုပြုံတန်းစီဝယ်ယူမှု များပြားလာသည်ကို တွေ့ရသည်။ နေ့စဉ် စက်သုံးဆီတန်းစီ ဝယ်ယူသည့်အခြေအနေများကို သုံးသပ်ကြည့်သည့်အခါ နိုင်ငံအတွင်း လူမှုစီးပွားဘဝလိုအပ်ချက်များအတွက် နေ့စဉ်နှင့်အမျှ စက်သုံးဆီကို မဖြစ်မနေဝယ်ယူနေရသော ယာဉ်များရှိသလို နေ့စဉ်လိုအပ်ချက်ကြီးကြီးမားမားမရှိဘဲ စက်သုံးဆီ ဝယ်ယူစုဆောင်းသောယာဉ်များလည်း ရှိနေသဖြင့် စက်သုံးဆီအရောင်းဆိုင်များတွင် ယာဉ်များ ပုံမှန်ထက်များလာသည်ဟု သုံးသပ်ရပါသည်။

စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီနှင့် စက်သုံးဆီ အရောင်းဆိုင်များအနေဖြင့် နိုင်ငံအတွင်းရှိ မော်တော်ယာဉ်များအားလုံး အဆင်ပြေချောမွေ့လွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာတွင် ပြည်ပမှစက်သုံးဆီ ဝယ်ယူနိုင်ရန် နိုင်ငံတော်က နိုင်ငံခြားငွေကို သတ်မှတ်နှုန်းထားဖြင့် ဝယ်ယူခွင့်ပြုပေးခြင်း၊ စက်သုံးဆီတင်သင်္ဘောများ စဉ်ဆက်မပြတ်ရောက်ရှိရေး စီမံဆောင်ရွက်ပေးခြင်း၊ သီလဝါဆိပ်ကမ်းမှ စက်သုံးဆီများ စဉ်ဆက်မပြတ် သိုလှောင်သယ်ဆောင် ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်ပေးခြင်း၊ အခက်အခဲအကြောင်းအမျိုးမျိုးရှိလျှင် စက်သုံးဆီအရေးပေါ်ဖြန့်ဖြူးရောင်းချနိုင်ရေး စီမံဆောင်ရွက်ပေးခြင်းစသည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

စက်သုံးဆီဝယ်ယူသူများအနေဖြင့် ပြည်တွင်းစက်သုံးဆီ လက်ကျန်အခြေအနေနှင့် ပြည်ပမှဝင်ရောက်လာမည့် ဆီတင်သင်္ဘောများအခြေအနေအရ စက်သုံးဆီပြတ်လပ်နိုင်မည်ဆိုသည့် စိုးရိမ်ကြောင့်ကြမှုမဖြစ်ကြရန်နှင့် စက်သုံးဆီပြတ်လပ်နိုင်ခြင်း မရှိနိုင်ကြောင်းကို စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက စဉ်ဆက်မပြတ် သတင်းထုတ်ပြန်ပေးလျက်ရှိသည်။ စက်သုံးဆီအရောင်းဆိုင်များကိုလည်း ဆီရှိလျက်မရောင်းချခြင်းမျိုး မပြုလုပ်စေရေး ကြပ်မတ်ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် ကောလာဟလသတင်းစကားများကြောင့် စိုးရိမ်ကြောင့်ကြမှုဖြင့် လိုသည်ထက်ပိုမိုဝယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချရန် ဝယ်ယူသိုလှောင်ခြင်းတို့မပြုလုပ်ရန်၊ လိုသလောက်သာ ဝယ်ယူသုံးစွဲကြရန်နှင့် အရောင်းဆိုင်အချို့တွင် စုပြုံတန်းစီဝယ်ယူနေခြင်းအစား ဝယ်ယူမှုနည်းပါးသည့် အခြားဆိုင်များသို့ သွားရောက်ဝယ်ယူခြင်းများ ပြုလုပ်ကြရန်လိုပါသည်။

သို့ဖြစ်ရာ ပြည်တွင်းစက်သုံးဆီ လက်ကျန်အခြေအနေနှင့် ပြည်ပမှ ဝင်ရောက်လျက်ရှိသည့် ဆီတင်သင်္ဘောများအခြေအနေအရ စက်သုံးဆီပြတ်လပ်နိုင်မှုမရှိကြောင်းနှင့် စုပြုံတန်းစီဝယ်ယူနေသည့် အရောင်းဆိုင်များအပြင် အခက်အခဲမရှိသော အခြားစက်သုံးဆီအရောင်းဆိုင်များသို့ မျှဝေသွားရောက်ဝယ်ယူခြင်းဖြင့် စက်သုံးဆီဝယ်ယူမှုအဆင်ပြေအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်ဧရိယာ (၃၄၈၅) စတုရန်းပေအား ရွှေစင်ရွှေပြားများကပ်လှူပူဇော်လျက်ရှိရာ (၂၃၁၈) စတုရန်းပေဧရိယာအတွက် သာသနာ့နွယ်ဝင်အလှူရှင်များမှ လှူဒါန်းပူဇော်ခဲ့ပြီးဖြစ်ရာ ဧရိယာ (၁၁၆၇) စတုရန်းပေအတွက် လှူဒါန်းရန်ကျန်ရှိနေပါသည်။

ရွှေစင်ရွှေပြား (၁) ချပ် (အရွယ် တစ်ပေ x တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား) ၏ မ,တည်ကုန်ကျစရိတ်မှာ ၂၅၀၀၀၀၀/- (ကျပ် နှစ်ဆယ့်ငါးသိန်းတိတိ)ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်ဩဂုတ်လအတွင်း တတိယအကြိမ်အလှူတော်ငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ သဒ္ဓါကြည်လင်ပါရမီရှင်များမှ ကြုံတောင့်ကြုံခဲကာလတွင် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

၁။ ဦးမြင့်စိုး၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ
၀၉-၂၆၁၁၇၉၀၀၃

၂။ ဦးမောင်မောင်၊ ဒုတိယမြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
၀၉-၄၀၄၄၃၄၄၉၉

၃။ ဦးထွန်းကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်
၀၉-၅၁၃၅၆၉၈

၄။ ဥပ္ပါတသန္တိစေတီတော်၊ ဂေါပကအဖွဲ့ရုံး
၀၉-၄၄၂၂၅၂၆၇၀

၅။ AYA PAY (Merchant ID. 20044314)

၆။ KBZ PAY (ID.70240001001)

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲများကို **"အနာဂတ်မှာကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအားမြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုရရှိသူများအား နေပြည်တော်၌ ကျင်းပပြုလုပ်မည့်အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကလောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကလော ဩဂုတ် ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် စာသင်ကျောင်းများသန့်ရှင်းသာယာလှပစေရေးနှင့် ကျောင်းသားကျောင်းသူများ ခြင်အန္တရာယ်နှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက ကလောတပ်နယ်စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်၊ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်၊ ကလောခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးလင်းဇော်ထွေးတို့က ဦးဆောင်၍ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ချုံ၊ နွယ်၊ မြက်ပင်၊ ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | | |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်(ARMY-2024)သို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကူဘင်ကာဒေသတွင် ကျင်းပခဲ့သည့် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ် (International Military Technical Forum) (ARMY–2024) သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံရုံးမှ စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။


ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် နိုင်ငံတကာ စစ်ဘက်နည်းပညာဖိုရမ်(International Military Technical Forum) (ARMY–2024)ဖွင့်ပွဲ အခမ်းအနားနှင့် မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ Vladimir Putin က ဗီဒီယိုကွန်ဖရင့်ဖြင့် မိန့်ခွန်းပြောကြားခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးက အဖွင့်အမှာစကား ပြောကြား၍ Army Forum 2024 ကို ဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက် ဖိတ်ကြားထားသော ကုမ္ပဏီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာပြခန်းအသီးသီးတွင် ပြသထားသည့် စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်မှုအခြေအနေ၊ ထုတ်လုပ်ထားရှိသည့် စစ်လက်နက်ပစ္စည်းများ၏ စွမ်းဆောင်နိုင်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် စစ်လက်နက်ပစ္စည်းများ၊ စစ်သုံးယာဉ်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်(ARMY–2024)သို့ တက်ရောက်စဉ်။

ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် Army 2024 ဖိုရမ် ပြခန်းများ ခင်းကျင်းပြသထားမှုကို ဒုတိယနေ့အဖြစ် သွားရောက်ကြည့်ရှုခဲ့ရာ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်နှင့် ခေတ်သစ်စစ်ပွဲတွင် အသုံးပြုနေသည့် သတင်းလုံခြုံမှုစနစ်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ Drone နှင့် Anti Drone နည်းပညာဆိုင်ရာ ပစ္စည်းများ၊ အဆင့်မြင့်ထုတ်လုပ်ထားသည့် လက်နက်/ ခဲယမ်းဆိုင်ရာပစ္စည်းများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြခန်းအတွင်း ပြသထားသည့် တိုက်ခိုက်ရေးယာဉ်များ၊ စစ်လက်နက်ပစ္စည်းများ၊ UAV နှင့် Drone များကို ကြည့်ရှုလေ့လာခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ကိုယ်စားလှယ်အဖွဲ့ ရုရှားကာကွယ်ရေးဝန်ကြီး မစ္စတာ အန်ဒရီဘီလူဆော့ဗ် (Mr. Andrei Belousov)နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကာကွယ်ရေးဝန်ကြီး မစ္စတာ အန်ဒရီဘီလူဆော့ဗ် (Mr. Andrei Belousov)နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆိုင်ရာ နယ်ပယ်ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေရေး၊ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လုပ်ဆောင်ရေး၊ ပညာတော်သင် သင်တန်းသားစေလွှတ်ရေးနှင့် မြန်မာနိုင်ငံနှင့်ဒေသတွင်း လတ်တလော ဖြစ်ပေါ်နေမှုအခြေအနေတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဩဂုတ် ၁၄ ရက်တွင် မြန်မာသံရုံးသို့ သွားရောက်ပြီး သံအမတ်ကြီး၊ စစ်သံမှူး(ကြည်း၊ ရေ၊ လေ) နှင့် သံရုံးဝန်ထမ်းများ၊ စစ်သံရုံးမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံ အားပေးနှုတ်ဆက်၍ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး သံရုံး၊ စစ်သံရုံး မိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ရုရှားဖက်ဒရေးရှင်း နိုင်ငံ မော်စကိုမြို့ ကူဘင်ကာဒေသတွင် ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် Army 2024 ဖိုရမ်တွင် ခေတ်မီနည်းပညာဆိုင်ရာ ပြခန်းပေါင်း ၁၅၀၀ ကျော် ပြသခဲ့ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးအဆင့် ၂၁ ဦး အပါအဝင် နိုင်ငံပေါင်း ၅၂ နိုင်ငံမှ ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံရုံးမှ စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

○ ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် စောဒန်နီရယ်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် ဇနီး၊ တိုင်းဒေသကြီး ဌာနဆိုင်ရာများနှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် စောဒန်နီရယ်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူးတို့က ဖားစည်ကိုးချက်တီးကာ ကရင်လူငယ်များက ကျွဲချိုမှုတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က အဖွင့်နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် ဧည့်သည်တော်များသည် ကရင်တိုင်းရင်းသားရိုးရာ အကများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။



ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပစဉ်။

ထို့နောက် ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ ကရင်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းလူငယ်များက ချည်ဖြူဖွဲ့ပစ္စည်းများ သယ်ဆောင်ခြင်း၊ ချည်ဖြူဖွဲ့ပေးမည့် ဘိုးဘွားများအား စနစ်တကျ ဖိတ်ခေါ်ခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ဧည့်သည်တော်များအား ဘိုးဘွားများက ကရင်ရိုးရာ ချည်ဖြူဖွဲ့ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အာဆီယံ-တရုတ် ရက်သတ္တပတ် - ၂၀၂၄ နှင့် ဆက်စပ်လေ့လာရေးခရီးစဉ်များ ပါဝင်တက်ရောက်

နေပြည်တော် ဩဂုတ် ၁၇

အာဆီယံ-တရုတ်စင်တာနှင့် ရှန်းရှီးပြည်နယ်အစိုးရတို့ ပူးပေါင်းကျင်းပသည့် အာဆီယံ-တရုတ်ရက်သတ္တပတ်-၂၀၂၄ နှင့်ဆက်စပ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းရှီးပြည်နယ်အတွင်းရှိ ထင်ရှားသော ခရီးစဉ်ဒေသများနှင့် စီးပွားရေးလုပ်ငန်းများ လေ့လာရေးခရီးစဉ်ကို ဩဂုတ် ၁၃ ရက်မှ ၁၅ ရက်အထိ ဆက်လက်ပြုလုပ်ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

ဩဂုတ် ၁၃ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ ချန်းကျီးမြို့နယ်တွင် ၂၀၁၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် တုန်းတီအန်းရှာ (Tongtianxia) သဘာဝအလှရှုခင်းနေရာသို့ သွားရောက်၍ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအတွက် တောင်ခြေမြစ်ကမ်းဘေးလမ်းလျှောက်ခြင်း၊ ရေတံခွန်နှင့် မြစ်အတွင်းလှေစီးခြင်း၊ ကေဘယ်လ်ကားဖြင့် တောင်တက်ခြင်း၊ မှန်လျှောက်လမ်းဖြင့် တောင်ခါးပန်းအတိုင်း လမ်းလျှောက်ခြင်းနှင့် တုန်းတီအန်းရှာတောင်တန်းပတ်ဝန်းကျင်သဘာဝအလှအပများကို ကြည့်ရှုခံစားနိုင်သည့် View Point နေရာများ ဖန်တီးပြုလုပ်ထားမှုအခြေအနေများကို လေ့လာကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကောင်းကဲဟွာယဲ့အုပ်စု (Gaoke Huaye Group) စက်ရုံမှ LED များ အလိုအလျောက်စနစ်ဖြင့် ပုံစံဒီဇိုင်းမျိုးစုံ ထုတ်လုပ်နေမှုများကို လည်းကောင်း၊ ချိန်ကုန်းကားထုတ်လုပ်သည့်စက်ရုံ (Chenggong Automobile) မှ Victory အမှတ်တံဆိပ်ဖြင့် မော်တော်ကားများ ထုတ်လုပ်နေမှုအခြေအနေများကို လည်းကောင်း၊ ညနေပိုင်းတွင် ချန်းကျီးအမျိုးသားစိမ့်စမ်းမြေဥယျာဉ်တွင် ဧည့်သည်များအတွက် စိတ်ဝင်စားဖွယ်များ စီစဉ်ထားရှိမှုအခြေအနေများကို လည်းကောင်း လေ့လာကြည့်ရှုသည်။

ဩဂုတ် ၁၄ ရက်တွင် ချန်းကျီးမြို့မှ ပြန်လည်ထွက်ခွာခဲ့ပြီး ရှန်းရှီးပြည်နယ်၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသတစ်ခုဖြစ်သော ဖျင်ယောင် (Pingyao) ရှေးဟောင်းမြို့ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်နေမှု၊ မြို့ရိုးတစ်လျှောက်နှင့် ရှေးဟောင်းမြို့အတွင်း လာရောက်လည်ပတ်သည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအတွက် သက်ဝင်လှုပ်ရှားမှုရှိသည့် ယဉ်ကျေးမှုများ (living cultures) ဖြင့် ကမ္ဘာ့အမွေအနှစ်တစ်ခုကို ခရီးသွားလုပ်ငန်းအတွက် အဓိကအရင်းအမြစ်အဖြစ် ပြန်လည်အသုံးချနေမှု၊ တရုတ်နိုင်ငံတွင် ထူးချွန်ထက်မြက်သူများအား ကွန်ဖြူးရှပ်ဘုရားကျောင်းတွင် ရွေးချယ်လေ့ကျင့်သင်ကြားပေးခဲ့မှုများနှင့် ကွန်ဖြူးရှပ် ဘုရားကျောင်းသို့ ခရီးသွားဧည့်သည်များ လာရောက်ကြည့်ရှုရန် စီစဉ်ဆောင်ရွက်ထားမှု၊ ၁၉ရာစုနှင့် ၂၀ ရာစု အစောပိုင်းတွင် တရုတ်နိုင်ငံ၏ ဘဏ်နှင့်ငွေကြေးကဏ္ဍ၌ ဖျင်ယောင်းရှေးဟောင်းမြို့မှ ဘဏ်လုပ်ငန်းကို စတင်ကျင့်သုံးဆောင်ရွက်ခဲ့မှု၊ ဖျင်ယောင်းရှေးဟောင်းမြို့၏ထင်ရှားသော လက်မှုအနုပညာဖြစ်သည့် ယွန်းထည်ပစ္စည်းများထုတ်လုပ်မှုအဆင့်ဆင့်နှင့် ယွန်းထည်ပြတိုက်နှင့် ခင်းကျင်းပြသ ရောင်းချနေမှုများကို လေ့လာခဲ့သည်။



ညနေပိုင်းတွင် ရှန်းရှီးပြည်နယ်၏ သမိုင်းနှင့်ယဉ်ကျေးမှုကို ပိုမိုနားလည်သဘောပေါက်စေနိုင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ရည်ရွယ်ပြသသည့် ယဉ်ကျေးမှုကပြဖျော်ဖြေပွဲသို့ ပါဝင်ကြည့်ရှုသည်။

ဩဂုတ် ၁၅ ရက်တွင် ဖျင်ယောင်းမြို့မှ ထိုက်ရွမ်မြို့သို့ ထွက်ခွာခဲ့ပြီး တရုတ်နိုင်ငံ၏ ကုန်သွယ်လုပ်ငန်း၊ ဘဏ်လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ချောင် (Qiao) မိသားစုက အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့မှုများ၊ ချောင်မိသားစုများ၏ လူနေမှုစနစ်နှင့် နေအိမ်များသို့ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များ လာရောက်လေ့လာလည်ပတ်မှု အခြေအနေများကိုလည်းကောင်း၊ ဟုန်းဟိုင်( Honghai) ဖန်လုပ်ငန်းမှ မိရိုးဖလာနည်းစနစ်မှ ခေတ်မီဆန်းသစ်သော နည်းစနစ်များဖြင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ခေတ်မီလုပ်ငန်းစွာ ထုတ်လုပ်နေမှုအဆင့်အဆင့်၊ ဖန်ပစ္စည်းပြခန်း ဖွင့်လှစ်ပြသမှုနှင့် ရောင်းချနေမှုများကို လည်းကောင်း၊ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်၍ သုန်းဟူဗနီဂါဥယျာဉ် (Donghu Venegar Park) မှ ထိုက်ရွမ်ဒေသထွက် ကောက်ပဲသီးနှံများဖြင့် ကျန်းမာရေးအတွက် အထူးသင့်လျော်သော ဗနီဂါ ထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် အစားအသောက် ချက်ပြုတ်ခြင်းတို့ကို လေ့လာကြည့်ရှုသည်။

ဩဂုတ် ၁၆ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိုက်ရွမ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)သန်းခေါင်စာရင်းကော်မတီ လုပ်ငန်းဆိုင်ရာတွေ့ဆုံရှင်းလင်းပွဲ ကျင်းပ



ကျိုင်းတုံ ဩဂုတ် ၁၇

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) သန်းခေါင်စာရင်းကော်မတီ လုပ်ငန်းဆိုင်ရာတွေ့ဆုံရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံး (ကျိုင်းတုံမြို့) ၌ ကျင်းပသည်။

တွေ့ဆုံရှင်းလင်းပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ (ကိုယ်စား) ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) အဖွဲ့ဝင်-၃ ဦးလုကာဂက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြတ်သာက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကော်မတီအသီးသီး၏ ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်/ခရိုင်/မြို့နယ် သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် မြေပြင်ကွင်းဆင်းကောက်ယူရေးဆိုင်ရာကိစ္စရပ်များနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးရာ တာဝန်ရှိသူများက လိုအပ်သည်များပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

**နေပြည်တော် ဩဂုတ် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးမြို့နယ် ဘုရားကြီးမြို့အဝင်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မျိုးဘဲဖြန့်ဖြူးရေးခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ခြံတာဝန်ခံက မျိုးမြှင့်ဥစားဘဲ မိဘမျိုးများမွေးမြူထားရှိမှု၊ မလေးရှား ကာကီကမ်း ဘဲလ်(PS) ဥစားဘဲမျိုးသားပေါက်များထုတ်လုပ်၍ ဒေသနေဘဲမွေးတောင်သူများကို (F-1) အဆင့် ဥစားဘဲမျိုးသားပေါက်များ ဖြန့်ဖြူးပေးနေမှုများကို ရှင်းလင်းတင်ပြသည်။



**ဆွေးနွေးမှာကြား**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မျိုးမြှင့်ဥစားဘဲမျိုးများကို ဒေသနေဘဲမွေးမြူရေးလုပ်ကိုင်သူများ လိုအပ်သည့် ဘဲသားပေါက်ပမာဏ ပြည့်မီစွာရရှိရေး၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ ရင်းနှီးမတည်မှုနှင့် ထုတ်လုပ်မှုစရိတ်ကာမိစေရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဒေသ၏ မွေးမြူရေး ကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် မိသားစုတိုင်း တစ်နိုင်တစ်ပိုင် မွေးမြူလုပ်ကိုင်သည့် အလေ့အထ ထွန်းကားလာစေရေး အားပေးမြှင့်တင်ဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ပဲခူးမြို့နယ် ဘုရားကြီးမြို့ မျိုးဘဲဖြန့်ဖြူးရေးခြံ၌ မလေးရှားနှင့် ထိုင်း ဥစားဘဲမျိုး ၃၅၀၀ ကျော် မွေးမြူထားရှိပြီး မတ်လမှ ယနေ့အထိ မျိုးဘဲဥ တစ်သိန်းကျော် ထုတ်လုပ်နိုင်ခဲ့ပြီး ဘဲသားပေါက်အမ တစ်ကောင်လျှင်ငွေကျပ် ၁၂၀၀ နှုန်း၊ အထီးတစ်ကောင်လျှင်ငွေကျပ် ၇၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ဘဲမွေးမြူလိုသူများအနေဖြင့် အမှာစာများပေးပို့မှာကြားနိုင်ကြောင်း သိရသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာ သင်တန်းကျောင်း(ဘုရားကြီး)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက အရည်အသွေးပြည့်ဝသော စက်မှုလယ်ယာ လုပ်သားကောင်းများအဖြစ် သင်ကြားလေ့ကျင့် မွေးထုတ်ပေးလျက်ရှိသည့် မိတ္ထီလာ၊ ဘုရားကြီး၊ နေပြည်တော်(ရေဆင်း) သင်တန်းကျောင်းများ၏ သင်တန်းအမျိုးအစားများနှင့် ပို့ချပေးလျက်ရှိသည့် ဘာသာရပ်များ၊ ဌာနတွင်း သင်တန်းများ၊ တောင်သူသင်တန်းများနှင့် သင်တန်းဆင်းပြီးလုပ်ငန်းခွင် လက်တွေ့အသုံးချနိုင်မှုမှတ်တမ်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြား ကြသည်။

ဘုရားကြီးမြို့ စက်မှုလယ်ယာသင်တန်းကျောင်းမှ ၂၀၁၁-၂၀၁၂ မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ဖွင့်လှစ်ခဲ့သည့် ဌာနတွင်းသင်တန်း ၁၃ မျိုး၏ သင်တန်း ၆၆၈ ကြိမ်တွင် သင်တန်းသား ၄၄၉၀၁ ဦး၊ တောင်သူသင်တန်း ခြောက်မျိုးမှ သင်တန်း ၁၀၆၅ ကြိမ်တွင် သင်တန်းသား ၃၆၄၆၈ ဦးတို့ကို သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပြီး တောင်သူသင်တန်းသား ၈၅ ရာနှုန်းမှာ လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိကြကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပဲခူးမြို့ ကတွင်းခြံကျေးရွာအုပ်စု မိုးစပါးရေကြီးနစ်မြုပ် တောင်သူများကို သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရတို့က ပံ့ပိုးကူညီသွားမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားကာ မိုးစပါးရေကြီးနစ်မြုပ် တောင်သူများအတွက် မျိုးစပါးနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## လှိုင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် လှိုင်မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် အသင်းစုဥက္ကဋ္ဌ ဦးအေးကိုက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က သမဝါယမလုပ်ငန်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းအမှုဆောင်အဖွဲ့ဝင်များက အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး အသင်းဝင်များအား အစုပေါ်အမြတ်နှင့် ရင်းနှီးအစုပေါ်ခွဲဝေငွေ စုစုပေါင်းငွေကျပ် ၂၉၅၀၀၀၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**

## ဥတ္တရသီရိမြို့နယ်တွင် ပြည်သူများအား ဆန်၊ ဆီ၊ အသား၊ ငါးနှင့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

**နေပြည်တော် ဩဂုတ် ၁၇**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့် အတူ ယနေ့ မွန်းလွဲပိုင်းတွင် ဥတ္တရသီရိမြို့နယ်အတွင်းရှိ နေပြည်တော် သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး၌ နေပြည်တော် ကောင်စီ၏ ကြီးကြပ်မှုဖြင့် ဥတ္တရသီရိမြို့နယ် အတွင်းရှိ ပြည်သူများအား ဆန်၊ ဆီ၊ အသား၊ ငါးနှင့် အခြေခံစားသောက်ကုန်များကို ရည်ညွှန်းဈေးနှုန်း၊ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။



**တက်ရောက်**

ထို့နောက် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စု မောင်ရမ်းကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးများ ရေကြီးနစ်မြုပ်ပျက်စီးသွားသည့် စိုက်ဧကများ အရန်မျိုးစေ့ အခမဲ့ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်းမြင့်မားပြီး ပန်းတိုင်အထွက်နှုန်း ရရှိကာ တောင်သူများ ဝင်ငွေမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေများကို စနစ်တကျသုံးစွဲခြင်း၊ မျိုးကောင်းမျိုးသန့်များသုံးစွဲခြင်း၊ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ သတ်မှတ်သွင်းအားစုများ လုံလုံလောက်လောက် ထည့်သွင်းပေးခြင်းနှင့် ရိတ်သိမ်းရာတွင် အလေအလွင့် အနည်းဆုံးဖြစ်အောင် ရိတ်သိမ်းနိုင်ရေးအတွက် စက်ကိရိယာများ တွင်ကျယ်စွာအသုံးပြုနိုင်ရေးတို့ကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခေတ်နှင့်အညီ ခေတ်မီနည်းပညာများကိုအသုံးပြု၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက မိုးစပါးများ ရေကြီးနစ်မြုပ် ပျက်စီးသွားသည့် စိုက်ဧကများအတွက် တောင်သူများကို အရန်စပါးမျိုးစေ့များ အခမဲ့ ထောက်ပံ့ပေးအပ်ပြီး တောင်သူများက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

## ရေးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**ရေး ဩဂုတ် ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ရေးမြို့နယ် ရန်မျိုးအောင်ရပ်ကွက်(အထက-၁ )ကျောင်းတွင် ယနေ့ နံနက်ပိုင်းက ပန်းခင်းစီမံချက်အဆင့် (၃) အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ် လဝကဦးစီးမှူး ဦးဌေးဝင်းနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ် နှင့် ၁၈ နှစ်ကြား ကျောင်းသားကျောင်းသူ ၄၇ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ် ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးသည် ဒေသခံပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လူတိုင်းကိုင်ဆောင်နိုင်ရန်အတွက် မြို့နယ်အတွင်းရှိစာသင်ကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# မေတ္တာအခါတော်နေ့နှင့် မေတ္တာပွားခြင်းအကျိုး

နုခန့်ယဉ်(ရစ်ကန်ကြီး)



### ဝါခေါင်လ

ဝါခေါင်လသည် မြန်မာ့ဆယ့်နှစ်လရာသီတွင် ပဉ္စမမြောက်လဖြစ်သည်။ ဝါခေါင်လသည် မိုးဥတုတွင် ပါဝင်ပြီး ရှေးအခါက ဝါခေါင်လကို "နံကာလ"ဟု ခေါ်သည်။ ပုဂံခေတ်ထိုးကျောက်စာများတွင် ဝါခေါင်လကို ဝါခေါင်ဟု လည်းကောင်း၊ နံကာလဟုလည်းကောင်း ရေးထိုးထားကြောင်း တွေ့ရသည်။ နံကာလ၏အဓိပ္ပာယ်မှာ မိုးဖြိုင်ဖြိုင်ရွာသွန်းသောလ ဖြစ်သောကြောင့် တောင်သူလယ်သမားများ စပါးစိုက်ပျိုးချိန်၊ လယ်လုပ်ချိန်၊ စိုက်ပျိုးချိန်လ၊ လယ်လုပ်ချိန်လ ဟုဆိုသည်။ ဝါခေါင်လသည် ဗေဒင်အခေါ် သိဟ်ရာသီ၊ သရဝဏ်နက္ခတ်နှင့် လမင်းတို့ယှဉ်ပြိုင်ကာမွန်းတည့်သည်။ ဖုဿျှနက္ခတ်နှင့် နေမင်းတို့ ယှဉ်ပြိုင်သည်။ ရာသီရုပ်မှာ ခြင်္သေ့၊ ရာသီပန်းမှာ ခတ္တာ၊ ရာသီပွဲတော်မှာ "စာရေးတံပွဲ" ဖြစ်သည်။

ဝါခေါင်လတွင် နံနက် စက်နာရီ ၅ နာရီ မိနစ် ၄၀ ၌ နေထွက်၍ ညနေ စက်နာရီ ၆ နာရီ ၂၉ မိနစ်တွင် နေဝင်သည်။ မြန်မာနာရီအားဖြင့်နေ့ ၃၄ နာရီ၊ ညဥ့် ၂၆ နာရီရှိသည်။ ဤကိုရည်ရွယ်၍ ဦးယာက-

**"တောင်လေသွဲ့၍၊ ရွာတဲ့မလို၊ ငွေသဲပျိုက၊ ရေညိုနဒီ၊ လှိုင်းလုံးချီ၍၊ ရာသီထိန၊ သည်မသတွင်၊ ဇယတြိ၊ နေ့ရှိနာရီ၊ မမှီညဥ့်ရောက်၊ နှစ်ဆယ့်ခြောက်တည်"** ဟူ၍ စပ်ဆိုခဲ့၏။

### မေတ္တာအခါတော်နေ့

ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)သည် မြတ်ဗုဒ္ဓ၏ မေတ္တာသုတ်တော် ဟောကြားခြင်းနှင့် ဆက်စပ်ပေသည်။ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းယူ၍ တောအုပ်အတွင်း ပုရိမဝါဆို တရားအားထုတ်ကြသည်။ ထိုအခါ ရဟန်းတို့၏သီလကြောင့် သစ်ပင်ဗိမာန်မှ နတ်တို့ဆင်းပေးရလေရာ ရဟန်းတော်များ မနေနိုင်အောင် ခြောက်လှန့်ကြလေသည်။ ထိုအခါ ရဟန်းတို့ တရားရှုမှတ်၍မရသဖြင့် ဝါခေါင်လပြည့်နေ့တွင် ကြုံတွေ့ရသော အခက်အခဲကို မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားက မေတ္တာကမ္မဋ္ဌာန်းကို မပွားများကြသည့်အတွက် နှင်ထုတ်ခံရခြင်းဖြစ်ကြောင်း ဟောကြားပြီး မေတ္တာကမ္မဋ္ဌာန်းကို သင်ပြတော်မူသည်။

ထို့နောက် ရဟန်းငါးရာတို့သည် မူလတောအုပ်သို့ ပြန်လာကြပြီး ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့မှစ၍ ဒုတိယဝါကပ်ကြပြီး မြတ်စွာဘုရားသင်ပြတော်မူသည့်အတိုင်း နတ်တို့နှင့်တကွ အားလုံးသော သတ္တဝါဝေနေယျတို့အပေါ် မေတ္တာဖြန့်လျက်ပို့လွှတ်သောအခါ နတ်များက ကြည်ညိုချစ်ခင်လာကြသည်။ နတ်အပေါင်းတို့စောင့်ရှောက်မှုဖြင့် ဝါတွင်းကာလ၌ တရားအားထုတ်ကြရာ ရဟန်းငါးရာတို့သည် ရဟန္တာဖြစ်သွားကြသည်။ ရဟန်းငါးရာတို့သည် ဝါခေါင်လပြည့်နေ့တွင် မြတ်စွာဘုရားရှင်က မေတ္တာသုတ်ဟောကြားတော်မူသည်ကို ရည်မှန်း၍ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် သတ်မှတ်ကြသည်။

### မေတ္တာသုတ်ဒေသနာတော်နှင့် ရွတ်ဖတ်ခြင်း၏ အကျိုးကျေးဇူး

ဗုဒ္ဓဘုရားရှင်က မေတ္တာသုတ်ဒေသနာတော်တွင် လူနတ်ဗြဟ္မာတို့လိုက်နာရမည့်အချက် ၁၅ ချက်ကို ဟောကြားထားပါသည်။ ၎င်းတို့မှာ "မေတ္တာစိတ်ကို တစိုက်မတ်မတ် စွမ်းနိုင်အောင်ပွားများရပါမည်။ ကိုယ်၊ နှုတ် နှစ်ပါးလုံး ရိုးသားဖြောင့်မတ်ရာတွင် သာမန်မဟုတ်ဘဲ အလွန်ကောင်းစွာ ဖြောင့်မတ်ရပါမည်။ ဆိုဆုံးမလွယ်သူဖြစ်ပြီး စိတ်ထားမှာလည်း နူးညံ့သိမ်မွေ့ရပါမည်။ မိမိကိုယ်ကို အထင်ကြီးခြင်း၊ သူတစ်ပါးကို အထင်သေးခြင်းဆိုသည့် မာန်မာနမထားရပါ။ ရောင့်ရဲလွယ်တတ်ပြီး အသက်မွေးမှုပညာရှိရပါမည်။ အမှုကိစ္စတို့နည်းပါးသင့်ပြီး ပေါ့ပါးသောအသက်မွေးမှုရှိရပါမည်။ ငြိမ်သက်သောဣန္ဒြေရှိပြီး ရင့်ကျက်တည်ငြိမ်သည့် ပညာဉာဏ်လည်း ရှိရပါမည်။ ကိုယ်၊ နှုတ်၊ နှလုံးကြမ်းတမ်းခြင်းမရှိစေရ၊ အမျိုးလေးပါးတို့တွင် တပ်မက်မှုမရှိဘဲ ဒုစရိုက်တို့ကို အနည်းငယ်မျှမပြုကျင့်ရာ"တို့ ဖြစ်ကြပါသည်။

မေတ္တာသုတ် ရွတ်ဖတ်ပူဇော်မှုနှင့် မေတ္တာဓာတ်၏ အကျိုးတရားများနှင့် ပတ်သက်၍ "မေတ္တာဂုဏ်ရည်၊ ဆယ့်တစ်လီကား၊ အညီသတ္တာ၊ မလပ်ပါအောင်၊ ခါခါနေ့စဉ်၊ မေတ္တာယှဉ်မူ၊ ကြည်လင်အိပ်ပျော်၊ ထချိန်တော်၍၊ နိုးသော်ရွှင်ရွှင်၊ အိပ်မက်မြင်လည်း၊ အစဉ်ကောင်းစွာ၊ မြင်မက်ရာ၏၊ ပြည်ရွာလူသား၊ နတ်အများလည်း၊ မြင်ကြားသမျှ၊ ချစ်ခင်ကြသဖြင့်၊ ဒေဝထွေထွေ၊ စောင့်ရှောက်လေ၏၊ မီးရေခိုးသူ၊ များရန်သူလည်း၊ မယူမဖျက်၊ မနှောင့်ယှက်တည်း၊ စိတ်ဓာတ်လည်းတည်၊ မျက်နှာကြည်၍၊ သေမည်ခါချဉ်း၊ တွေဝေကင်း၏။ မှန်းရင်းဓမ္မ၊ မဂ်မရလည်း၊ ဈာန်ရလေလစ်၊ ဗြဟ္မာဖြစ်သည်၊ ဆယ့်တစ်မေတ္တာအကျိုးတည်း" ဟူ၍ မဟာဂန္ဓာရုံ ဝတ်ရွတ်စဉ်တွင် ရေးသားထားပါသည်။

မေတ္တာပို့သူသည် ချမ်းသာစွာအိပ်ပျော်ပြီး စိတ်ကြည်လင်စွာအိပ်ရာမှ နိုးထရသည်။ မကောင်းသောအိပ်မက်များ မမြင်မက်ဘဲ လူအများ၏ ချစ်ခင်မှုကိုရစေ၏။ ပရလောကသားများနှင့် နတ်ဗြဟ္မာများက စောင့်ရှောက်ကြသည်။ မီးဘေး၊ အဆိပ်ဘေး၊ လက်နက်ဘေးတို့ မထိရောက်ပါ။ ကမ္မဋ္ဌာန်းတစ်ခုခုကို အာရုံပြုမည်ဆိုလျှင် သမာဓိရလွယ်၏။ မေတ္တာစိတ်ကြောင့် မျက်နှာမှာကြည်လင်နေပြီး သေဆုံးခါနီးအချိန်တွင် ချမ်းသာသုခဖြင့် သေဆုံးရပါသည်။ ယခုဘဝတွင် မဂ်ဖိုလ်မရနိုင်လျှင်သော်မှ မေတ္တာဈာန်ဖြင့် ဗြဟ္မာပြည်ကို ရောက်နိုင်ပါသည်။

### မေတ္တာ

မေတ္တာဟူသည်မှာ ချစ်ခင်သောသဘော၊ သတ္တဝါအားလုံး၏ကောင်းကျိုးချမ်းသာကို လိုလားသောစိတ်ဓာတ်များ သက်ဝင်နေသည့် ချစ်ခြင်းသဘောဟု အဓိပ္ပာယ်ရသည်။ မေတ္တာဟူသည် အေးမြသောဓာတ်လည်းရှိသည်။ ရှေးလူကြီးများက သတ္တဝါအားလုံးအပေါ်တွင် မေတ္တာထားပါ၊ မေတ္တာဖြင့်သာ ဆက်ဆံပါ၊ မေတ္တာရောင်ပြန်ဟူသည် သာယာချမ်းမြေ့သောဘဝကို ပိုင်ဆိုင်စေသည်ဟု ဆိုဆုံးမလေ့ရှိသည်။ လူအချင်းချင်း ရင်းနှီးသည်ဖြစ်စေ၊ မရင်းနှီးသည်ဖြစ်စေ စကားပြောဆိုရာ၌ လည်းကောင်း၊ လုပ်ငန်းဆောင်တာများဆောင်ရွက်ရာ၌လည်းကောင်း မေတ္တာဟူသည့် ချစ်ခြင်းသဘောကို အခြေခံကြရမည်ဖြစ်သည်။ လောကတွင် မေတ္တာတရားဖြင့် အသက်ရှင် နေထိုင်ခြင်းသည် လူသားအားလုံးအတွက် အေးမြလုံခြုံသောဘဝကိုသာ ပိုင်ဆိုင်ရရှိစေပါသည်။

မေတ္တာသည် ရေဓာတ်နှင့်တူညီပေသည်။ ရေသည် မိမိထက်မြင့်သော ကုန်းမြင့်များထက်သို့တိုင်အောင် စိုစွတ်အေးမြစေသည်။ မေတ္တာဓာတ်များပြားလာလျှင်လည်း ထိုမေတ္တာများသည် ကုန်းမြင့်နှင့်တူသော မိမိ၏ရန်ဘက်များကို ဖျန်းပက်သကဲ့သို့ အေးမြစေပါသည်။ မေတ္တာရေအလျဉ်သည် မိမိ၏အကျိုးကို မမျှော်ကိုးဘဲ စိမ့်စမ်းရေကဲ့သို့ တသွင်သွင်စီးဆင်းစေပါက မိမိသာမက သူတစ်ပါးကိုလည်း အေးမြစေပါသည်။

ဗုဒ္ဓဘာသာတွင် မေတ္တာတရားသည် အပြန်အလှန်ရှိကြရမည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ မိမိအပေါ်၌ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မိမိဘက်မှ အကောင်းအဆိုးဟူ၍ ခွဲခြားခံစားခြင်းမရှိဘဲ မိမိပေးနိုင်သည့် မေတ္တာတရားကိုသာ လူသတ္တဝါအားလုံးအပေါ်၌ ဖြန့်ကြက်ပို့လွှတ်ထားရမည်ဖြစ်ပေသည်။ မေတ္တာအခါတော်နေ့တရားတော်၌ မေတ္တာပို့ခြင်းကြောင့် မျက်စိဖြင့်မမြင်နိုင်သော ပုဂ္ဂိုလ်များသည်ပင်လျှင် မေတ္တာတရား၏ အနှစ်သာရကို နှစ်သက်သည်ဟု ဖော်ပြထားသောကြောင့် မြင်အပ်သော လူအပါအဝင် သတ္တဝါအားလုံးတို့သည်လည်း မေတ္တာတရားကို ပို၍နှစ်သက်ကြမည်မှာ အမှန်တရားပင်ဖြစ်သည်။ အေးမြသောအရိပ်၊ ငြိမ်းချမ်းသောဘဝများကို ပိုင်ဆိုင်နိုင်ရန်အတွက် လူသားတိုင်း မေတ္တာတရားများနှင့်သာ ပေါင်းသင်းဆက်ဆံ၍ နေထိုင်ကြရမည်ဖြစ်သည်။

### မိမိကိုယ်ကိုမေတ္တာပို့ပါ

မေတ္တာဟူသည် လူသားတိုင်းနှင့်ဆိုင်သော မမြင်နိုင်သည့်စိတ်စွမ်းအင်တစ်ခုပင်ဖြစ်သည်။ လူသားအားလုံးတို့သည် မိမိကိုယ်ကိုမေတ္တာထားရန် လိုအပ်ပါသည်။ မိမိကိုယ်ကို မေတ္တာပို့သည့် အဓိပ္ပာယ်မှာ မိမိသာလျှင် ကောင်းကျိုးရစေသည့် အတ္တဇဟိုပြုသည့် တစ်ကိုယ်ကောင်းဆန်သော စိတ်ထားမျိုးရှိရမည်မဟုတ်ဘဲ မိမိတို့ကိုယ်တိုင် စိတ်ချမ်းသာမှုရရှိရန်အတွက် သူတစ်ပါးအပေါ်တွင် မရိုးသားသောအပြုအမူ၊ အပြောအဆိုတို့ မပြုလုပ်မိစေရန် မိမိစိတ်အား ပြုပြင်ထိန်းသိမ်းထားခြင်းပင်ဖြစ်သည်။ မိမိ၏ကိုယ်စိတ်နှလုံးသုံးပါးလုံးကို အပြစ်တစ်စုံတစ်ရာမဖြစ်အောင် ထိန်းချုပ်ထားခြင်းဖြင့် လူသားတို့အပေါ်အလေးထားကာ မေတ္တာတရားကို ဖြန့်ကြက်ထားနိုင်ရန်ဖြစ်ပါသည်။

မိမိကိုယ်ပိုင် စိတ်စွမ်းအားသည် အေးချမ်းသည်နှင့်အမျှ တစ်ပါးသူတို့အား ပေးဝေသော အကြောင်းအရာဟူသမျှတွင်လည်း မေတ္တာဓာတ်ဟူသော အေးချမ်းခြင်းတို့ သက်ဝင်နေမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။ မိမိကိုယ်ကို မေတ္တာပို့ခြင်းသည် မိမိသာမက တခြားသူတို့အားလည်းမေတ္တာပို့လွှတ်အေးချမ်းခြင်းများ ရရှိစေသည်ကို လူသားတိုင်း သတိပြုဆင်ခြင်ကြရန် လိုအပ်ပါပေသည်။ ထို့ကြောင့် နေ့တစ်နေ့တာ၏အစ၌ပင် မိမိကိုယ်မိမိ မေတ္တာပို့ခြင်းကို မမေ့မလျော့ ဆောင်ရွက်သင့်ကြပေသည်။

### တစ်ပါးသူအား မေတ္တာပို့ပါ

လူ့ဘောင်လောကတွင် လူသားတို့သည် တစ်ဦးတစ်ယောက်တည်း ခွဲထွက်နေထိုင်ကြရသည် မဟုတ်ချေ။ လူ့အဖွဲ့အစည်း၊ လူ့ပတ်ဝန်းကျင်၊ မိသားစုစသည်ဖြင့်အုပ်စုဖွဲ့၍ ရောနှောနေထိုင်ကြရခြင်းဖြစ်သည်။ ထိုသို့နေထိုင်ကြရာ၌ စရိုက်မတူ၊ အသွင်မတူ၊ ခံယူချက်၊ ယုံကြည်ချက် မတူညီကြသကဲ့သို့ ဘာသာဓလေ့ ထုံးတမ်းများလည်း မတူညီကြချေ။ **စာမျက်နှာ ၇ သို့** ❁

**❛မေတ္တာပို့သူသည် ချမ်းသာစွာအိပ်ပျော်ပြီး စိတ်ကြည်လင်စွာအိပ်ရာမှ နိုးထရသည်။ မကောင်းသောအိပ်မက်များ မမြင်မက်ဘဲ လူအများ၏ ချစ်ခင်မှုကိုရစေ၏။ ပရလောကသားများနှင့် နတ်ဗြဟ္မာများက စောင့်ရှောက်ကြသည်။ မီးဘေး၊ အဆိပ်ဘေး၊ လက်နက်ဘေးတို့ မထိရောက်ပါ။ ကမ္မဋ္ဌာန်းတစ်ခုခုကို အာရုံပြုမည်ဆိုလျှင် သမာဓိရလွယ်၏။ မေတ္တာစိတ်ကြောင့် မျက်နှာမှာကြည်လင်နေပြီး သေဆုံးခါနီးအချိန်တွင် ချမ်းသာသုခဖြင့် သေဆုံးရပါသည်။ ယခုဘဝတွင် မဂ်ဖိုလ်မရနိုင်လျှင်သော်မှ မေတ္တာဈာန်ဖြင့် ဗြဟ္မာပြည်ကိုရောက်နိုင်❜**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၄ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား တက်ရောက်

ပုသိမ် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ပုသိမ်မြို့ မြို့တော်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ရင်သွေးမိခင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှု ရက်သတ္တပတ်များအဖြစ် ဩဂုတ်လ၏ ပထမ ရက်သတ္တပတ်ကို မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယ ရက်သတ္တပတ်ကို ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ် ကလေးများ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယရက်သတ္တပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ စတုတ္ထ ရက်သတ္တပတ်ကို အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရက်သတ္တပတ်အနေဖြင့် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်အတွက် နှစ်စဉ်နှစ်တိုင်း ဦးတည်ဆောင်ရွက်မည့် လုပ်ငန်းဆောင်ပုဒ်တစ်ခုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရွေးချယ်ပေးပြီး ကျင်းပလေ့ရှိရာတွင် ယခုနှစ်အတွက် လုပ်ငန်းဆောင်ပုဒ်မှာ "မိခင်နို့တိုက်ကျွေးဖို့ အားလုံး ကူညီပံ့ပိုးစို့" ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဧရာဝတီတိုင်းဒေသကြီးအတွက် အဓိကဆောင်ရွက်ရန် လိုအပ်သည့် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများအား ပြည်သူလူထု အသိပညာ တိုးတက်စေရန် ရည်ရွယ်ကာ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အခမ်းအနား ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု ဗီဒီယိုပြသမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စံပြမိခင်ဆု ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက စံပြမိခင် အထူးဆုရရှိသူများ လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် (၅)နှစ်အောက်ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေးများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင် မိခင်များအား အာဟာရဆေးဝါးများကို လည်းကောင်း တိုက်ကျွေးခဲ့ပြီး အာဟာရပြည့် စားသောက်ဖွယ်ရာများနှင့် အမှတ်တရလက်ဆောင် ပေးအပ်ကာ ၂၀၂၄ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပုဗ္ဗန်တောင်မြို့နယ် GEC ပညာရေးသမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး ပုဗ္ဗန်တောင်မြို့နယ်တွင် GEC ပညာရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက အမှတ်(၄)အခြေခံ




ပညာမူလတန်းကျောင်းရှိ တေဇခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အစည်းအဝေးတွင် ပုဗ္ဗန်တောင်မြို့နယ် (GEC) ပညာရေး သမဝါယမ အသင်းလီမိတက် အသင်းဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ခင်စန်းက သဘာပတိအဖြစ် ဆောင်ရွက်ကာ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်သန္တာက သမဝါယမ လုပ်ငန်းစဉ်များနှင့် သမဝါယမဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပုဗ္ဗန်တောင်မြို့နယ် GEC ပညာရေးသမဝါယမအသင်း လီမိတက်အသင်းသားများအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အသင်းသားလက်ဆောင်အဖြစ် ငွေကျပ် ၅၈၉၅၀၀ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

ဟန်စုယဉ်

## အရှုံးမဲ့ကင်း အားကုန်နှင်းအံ့

❖ တက္ကသိုလ်ဝင်တန်း စာအောင်ပန်း၌
ကျွမ်းလိမ္မာထား သုံးကျိပ်သားကား
အားထုတ်ကြိုးကုတ် လုံ့လဟုတ်ဖြင့်
ထုတ်ကာရည်စွမ်း တစ်ဂဏန်းကို
လှမ်းချူပိုင်စွဲ ရယူတွဲ၏။

❖ ကြိုးစားလူငယ် ချီးမြှောက်ရွယ်၍
စွယ်စုံသုတ ပြည့်စုံဝရန်
ရခဲ့အောင်မြင် ဆက်လက်ထင်အောင်
တင်ဆောင်သယ်ပွေ့ ပြည်ပတွေ့ကို
မွေ့ကြုံစေစမ်း စေတနာခန်း။

❖ သုတကုံလုံ ဉာဏ်ပြည့်စုံကြောင့်
ယုံကြည်ဆက်စီး ရှေ့ခရီးတွင်
သီးပွင့်ဝေစည် "မြန်မာပြည်"ကို
တည်ဆောက်နိုင်စေ သားမြတ်ပေဟု
ရေရှည်အကျိုး မျှော်ကာပျိုး၏။

❖ ပျိုးထောင်ရည်ပျော် နိုင်ငံတော်ကို
လျော်ကန်သင့်မြတ် တုံ့ပြန်အပ်မို့
ထပ်ထပ်လီလီ ကြိုးစားပီကာ
ညီညာစုထုံး သားတို့ရှန်းလျက်
အရှုံးမဲ့ကင်း အားကုန်နှင်းအံ့။ ။

ညို(ဝင်း(ချစ်မြေ)

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြု ဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

❁ **စာမျက်နှာ ၆ မှ**

သို့သော်လည်း လူသားဟူသောဖြစ်တည်မှုမှာ အတူတူပင်ဖြစ်ပေသည်။ လူသားဖြစ်တည်မှုတွင် လူသားတစ်ယောက်၏ အခွင့်အရေးရရှိမှုဟူသော လူ့အခွင့်အရေးသည်လည်း ညီတူညီမျှခံစားခွင့်ရှိကြပေသည်။ ညီမျှသောလူ့အခွင့်အရေးရှိသည့် အလျောက် လူသားအချင်းချင်း မာန်မာနထောင်လွှားခြင်းမရှိဘဲ မေတ္တာတရားဖြင့် ဆက်ဆံပေါင်းသင်းနေထိုင်ကြရန်မှာလည်း အရေးကြီးသောအချက်တစ်ချက်ပင်ဖြစ်ပေသည်။

မေတ္တာပို့ကြသည်ဆိုရာ၌ တစ်ပါးသူအား ပျက်စီးရာပျက်စီးကြောင်းဖြစ်စေရန် ပေးပို့ရခြင်းမဟုတ်ပေ။ မိမိအပေါ် မကောင်းသူအား မေတ္တာသာပို့လိုက်ပါဟု အလွယ်ပြောတတ်လေ့ရှိကြသည်။ သူတစ်ပါးအား ထိခိုက်စေလိုသော မေတ္တာပို့ခြင်းသည် မိမိကိုယ်တိုင် ဦးစွာပူလောင်ရတတ်ပါသည်။ မည်သို့သော အခြေအနေ အချိန်အခါ၌မဆို သတ္တဝါအားလုံး၏ ကောင်းကျိုးလိုရာကို ဖြစ်ပေါ်စေသည့်စိတ်ဆန္ဒဖြင့် မေတ္တာပေးပို့မှသာလျှင် မိမိကိုယ်တိုင်သာမက မေတ္တာပေးပို့ခံရသူတို့လည်း အေးမြခြင်းကို ခံစားကြရပေမည်။ မေတ္တာဟူသည် အအေးဓာတ်ဆောင်သောကြောင့် အမုန်းတရားကင်းဝေး၍ အေးချမ်းခြင်းကို လူသားတိုင်း စံစားရရှိလိုပါလျှင် မိမိနှင့်တကွ သတ္တဝါအားလုံးအပေါ်၌ မေတ္တာပို့သဖြန့်ကြက်ကြရပေမည်။

**မေတ္တာဖြင့်လောကကို အလှဆင်ပါ**

လူ့လောကကြီးတစ်ခုလုံး သာယာငြိမ်းချမ်းရန်အတွက် မေတ္တာအရင်းခံစိတ်သည် လူသားတိုင်းတွင် ကိန်းအောင်းတည်ရှိရန် လိုအပ်ပါသည်။ ကိုယ်ချင်းစာတရားထားတတ်လျှင် မေတ္တာစိတ်သည် လူသားတို့၏ရင်ထဲ ကိန်းအောင်းလာမည်ဖြစ်သည်။ မေတ္တာဓာတ်ကိန်းအောင်းသည်နှင့်အမျှ မိမိကိုယ်တိုင် အေးချမ်းသကဲ့သို့ သူတစ်ပါးကိုလည်း အေးချမ်းမှုသာ ပေးအပ်ချင်လာပါလိမ့်မည်။ မေတ္တာတရားဖြင့်သာ ပေါင်းသင်းဆက်ဆံ၍ နေထိုင်ပါလျှင် ဤလောက၌ အမုန်းတရားရှိလိမ့်မည်မဟုတ်။ အမုန်းတရားကင်းစင်သောကြောင့် ရန်ငြိုးရန်စဟူသည်လည်း မရှိတော့ပေ။ သံသယဟူသော အတွေးမှား၊ အမြင်မှားတို့သည်လည်း အလျှင်းမရှိဘဲ ငြိမ်းချမ်းနေပေလိမ့်မည်။ ထို့ကြောင့် အပြုံးလှလှ၊ နှလုံးလှလှဖြင့် အမုန်းစကားမဆိုဘဲ မေတ္တာနှင့် လောကကို အလှဆင်ကြရပေမည်။ မေတ္တာပွားနေရုံမျှနှင့် မရောင့်ရဲဘဲ မိမိ၏ စိတ်နှလုံးတွင် မေတ္တာစိတ်ကို အစဉ်ကိန်းအောင်းနေရန် လေ့ကျင့်ကြိုးစား အလှဆင်ကြပါဟု သတိသံဝေဂတရားဖြင့် ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

■

# စစ်ကိုင်းတောင်ရိုးရှိ ဘုန်းတော်ကြီးကျောင်းတိုက်များသို့ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်း



**မုံရွာ ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး မြစကြာကျောင်းတိုက်ကြီးရှိ ဆရာတော်၊ သံဃာတော်များ ဝါတွင်းကာလအတွင်း ဆွမ်းအခက်အခဲမရှိစေရေးတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲအမယ်လေးမျိုးတို့အား ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ကျောင်းတိုက်ကြီး၌ ကျင်းပသည်။

ဦးစွာ ဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ကျော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးအား ဆက်ကပ်လှူဒါန်းကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သုဗောဓာရုံကျောင်းတိုက်ကြီးသို့ရောက်ရှိရာ ပင့်သံဃာ ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးအား ဆက်ကပ်လှူဒါန်းကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

အဆိုပါစစ်ကိုင်းတောင်ရိုးမြစကြာကျောင်းတိုက်ကြီးရှိ ဆရာတော်၊ သံဃာတော် ၅၄၅ ပါးတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆွမ်းဆန် ၄၅ အိတ်၊ ဆီ ၈၁ ပိဿာ၊ ဆား ၃၄ ပိဿာ၊ ပဲ ၈၁ ပိဿာနှင့် သုဗောဓာရုံကျောင်းတိုက်ကြီးရှိ ဆရာတော်၊ သံဃာတော် ၄၂၁ ပါးတို့အတွက် ဆွမ်းဆန် ၃၅ အိတ်၊ ဆီ ၆၃ ပိဿာ၊ ဆား ၂၆ ပိဿာ၊ ပဲ ၆၃ ပိဿာတို့အား ဆက်ကပ်လှူဒါန်းကြသည်။

**တွေ့ဆုံ**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ ရန်နိုင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)သို့ ရောက်ရှိရာ စစ်ကိုင်းခရိုင်/မြို့နယ်ပညာရေးမှူးများနှင့် စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် တွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်ပညာရေးမှူးများနှင့် စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများက အခြေခံပညာကျောင်းများ ဖွင့်လှစ်ထားရှိမှု၊ ကျောင်းသားအပ်နှံမှုနှင့် ကျောင်းတက်ရောက်မှု အခြေအနေများ၊ ကျောင်းသုံးပရိဘောဂပစ္စည်းများ လိုအပ်မှုအခြေအနေများ၊ ကျောင်းဆောင် အဆောက်အအုံများ လိုအပ်မှုအခြေအနေများနှင့် သင်ကြားရေးနှင့်စီမံရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ROSATOM နှင့် မြန်မာနိုင်ငံတို့ ပူးပေါင်း၍ သိပ္ပံပွဲတော် ၂၀၂၄(တတိယနေ့) ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းအေဂျင်စီ (ROSATOM)နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော် ၂၀၂၄ တတိယနေ့ အစီအစဉ်များကို ယနေ့တွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်အားပေးသည်။

**တက်ရောက်အားပေး**

နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းရှိစုဝေးခန်းမ၌ နိုင်ငံ့အကျိုးပြု အမျိုးသမီးသိပ္ပံပညာရှင်များ ပေါ်ထွန်းလာစေရေး မျိုးစေ့ချပေးသည့်အနေဖြင့် ရည်ရွယ်ကျင်းပသော ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့မှ အမျိုးသမီးသိပ္ပံပညာရှင်နှစ်ဦး၏ “Tough question: become a Female Scientist” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို တက်ရောက်အားပေးသည်။

ဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းတို့မှ ကျောင်းသား ကျောင်းသူ ၁၅၂ ဦးနှင့် ဆရာမ ရှစ်ဦးတို့ တက်ရောက်ကြသည်။ ပညာရှင်များက သိပ္ပံနှင့် နည်းပညာ၊ နျူကလီးယားနှင့် အင်ဂျင်နီယာဘာသာရပ်များ၏ အရေးပါမှုနှင့် ဗဟုသုတများ၊ သိပ္ပံပညာရှင်ဖြစ်ရန် ဆောင်ရွက်သင့်သည်များကို ရှင်းလင်းဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ ပညာရှင်များက ပြန်လည်ဖြေကြားကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား ဆွေးနွေးပွဲအပေါ် နားလည်သဘောပေါက်မှုနှင့် ရရှိသည့် ဗဟုသုတများကို အပြန်အလှန်အဖြစ် မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဖြေဆိုမှုမှန်ကန်သော ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာ၌ ပွဲတော်၏ သိပ္ပံနှင့် နျူကလီးယားနည်းပညာဆိုင်ရာ ဉာဏ်စမ်းဂိမ်းယှဉ်ပြိုင်မှုများတွင် ပါဝင်ကူညီပေးကြပြီး ROSATOM မှ ချီးမြှင့်သည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ တက္ကသိုလ်များတွင် မဟာဘွဲ့ ပညာသင်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ခြင်းအခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီးက ဆုများကို ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ အဆိုပါစင်တာတွင် ကျင်းပသော DIY Science Session ၌ ROSATOM မှ တာဝန်ရှိသူများက သိပ္ပံဘာသာရပ်များဆိုင်ရာ စဉ်းစားတွေးခေါ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု စွမ်းရည်များကို မြှင့်တင်ပေးနိုင်သည့် ဉာဏ်စမ်းဂိမ်းများကို ယှဉ်ပြိုင်စေရာ ဒုတိယဝန်ကြီးသည် ဝင်ရောက်ဆင်နွှဲသည့် ကျောင်းသား ကျောင်းသူများကို လှည့်လည်ကြည့်ရှုအားပေးပြီး ထူးချွန်ဆုရရှိသူများအား ဒုတိယဝန်ကြီးက ဂုဏ်ပြုဆုများကို ချီးမြှင့်ပေးအပ်သည်။ ထို့နောက် အဆိုပါစင်တာရှေ့တွင် ကျောင်းသား ကျောင်းသူများက ATOM စာလုံးကို ပုံဖော်နေရာယူ၍ “May the Nuclear Force be with You” စာသားများ ရေးထိုးထားသော အမှတ်တရမိုးပျံပူဖောင်းများကိုလွှတ်တင်၍ သိပ္ပံပွဲတော် ၂၀၂၄ ကို အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သိရသည်။

**သတင်းစဉ်**

# စုပေါင်းမဏ္ဍိုင်ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ



**ရမည်းသင်း ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စုပေါင်းမဏ္ဍိုင် ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရမည်းသင်းမြို့နယ် မြို့နယ် သမဝါယမအသင်းစုသက်တံ့ရောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် စုပေါင်းမဏ္ဍိုင် ငွေစုငွေချေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးစိုးလွင်က သဘာပတိအဖြစ်ဆောင်ရွက်ကာ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးမှူး ဦးထွန်းထွန်းနိုင်က အခြေခံသမဝါယမ အသင်းသားများ အကျိုးခံစားမှုကို ရှင်းလင်းပြောကြားကာ အမှုဆောင် ဒါရိုက်တာအဖွဲ့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သောလုပ်ငန်းများနှင့် ဘဏ္ဍာရေး ရှင်းတမ်းများကို အသင်း အမှုဆောင်ဒါရိုက်တာ ဦးဇော်မျိုးထွန်းက ဖတ်ကြားရှင်းလင်းတင်သွင်းခြင်းနှင့် အသင်းသား စာရင်းစစ်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်သွင်းရာ အသင်းသားများ၏ သဘောတူညီချက်ဖြင့် သဘာပတိက အတည်ပြုချက်ရယူသည်။

ထို့နောက်အသင်းသားများအား အစုပေါ်အမြတ် စုဆောင်းပေါ် အတိုးနှင့် စုဆောင်းငွေ၏ ၁၀ ရာခိုင်နှုန်း ထုတ်ပေးကာ အသင်းသူများ၏ မီးဖွားစရိတ်နှင့်အသင်းသား အသင်းသူများ၏ သားသမီးများ၏ ပညာသင်စရိတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သထုံမြို့နယ်၌ အခြေခံလူသုံးကုန် ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်

**သထုံ ဩဂုတ် ၁၇**

မွန်ပြည်နယ် သထုံမြို့နယ်၌ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းအရ သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံလူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာရှိ သာယာကုန်း ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**တက်ရောက်**

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀ ဦး တက်ရောက်ကြပြီး ဆပ်ပြာရည်၊ ဆပ်ပြာခဲ၊ ခေါင်းလျှော်ရည်အမျိုးမျိုး၊ Scrub နှင့် ဆပ်ပြာခရင်မ် အမျိုးမျိုးတို့ကို ခုနစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း၊ အခြေခံသင်တန်းပြီးစီးပါက မွမ်းမံသင်တန်းကို ခုနစ်ရက်ကြာ ထပ်မံသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုနေ့စဉ် ချွေတာသင့်ပါသည်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဩဂုတ် ၁၇**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။



**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို**

ဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ဘုရားဖူးလာ အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်၌ ဘုရားကြီးဘက်စုံ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့ တာဝန်ရှိသူက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါအဖွဲ့သည် နေပြည်တော်ပျဉ်းမနားမြို့ရှိ လူထုအခြေပြုဇဟိုဌာန၌ ကျင်းပသည့် ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ရှိန်မြှင့်တင်ရေးစာပေဟောပြောပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံတို့က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြည်သူများသို့ စာပေအသိပညာနှင့် သတင်းမှန်များကို သိရှိရန် အသိပညာပေး မြှင့်တင်ဆောင်ရွက်နိုင်ရေး တွန်းအားပေး ဆောင်ရွက်ကြရန် နိုင်ငံတော်နှင့် တပ်မတော်အပေါ် ပြည်သူလူထုမှ ပူးပေါင်းပါဝင်နိုင်ရေးအတွက် အသိပညာပေးစာပေများရေးသားနိုင်ရေး ဆောင်ရွက်ကြရန် ဟောပြောဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ခရိုင် GEC နှင့် ရွှေသက်တံ့ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရမည်းသင်း ဩဂုတ် ၁၇**

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းခရိုင် GEC နှင့် ရွှေသက်တံ့ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီက ရမည်းသင်းမြို့နယ် မြို့နယ်သမဝါယမအသင်းစု သက်တံ့ရောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် ခရိုင် GEC နှင့် ရွှေသက်တံ့ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က သဘာပတိအဖြစ် ဆောင်ရွက်ကာ အဖွင့်အမှာစကား ပြောကြားပြီး အမှုဆောင် ဒါရိုက်တာအဖွဲ့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို GEC သမဝါယမအသင်းအမှုဆောင် ဒါရိုက်တာဦးအောင်မြသိန်းနှင့် ရွှေသက်တံ့ငွေစုငွေချေး သမဝါယမအသင်းအမှုဆောင် ဒါရိုက်တာအဖွဲ့ ဒေါ်နန်းရွှေစင်ထွန်းက ဘဏ္ဍာရေးရှင်းတမ်းများနှင့် အသင်းသားစာရင်းစစ်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်သွင်းရာ အသင်းသားများ၏ သဘောတူညီချက်ဖြင့် သဘာပတိက အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။




ထို့နောက် တက်ရောက်လာသည့် အသင်းသားများ၏ အသင်းကောင်းကျိုးအတွက် အကြံပြုချက်များ၊ မေးမြန်းချက်များကို လက်ခံဖြေကြား ရှင်းလင်းပြီး အသင်းသားများအား အစုပေါ်အမြတ်နှင့် စုဆောင်းပေါ်အတိုးများကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၇**

ယနေ့နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။




အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၃၆ နာရီအတွင်း မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမို အားကောင်းလာနိုင်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်တို့တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဂျက်ခမ်း ပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

ပြင်ပအလင်းရောင်ကို အသုံးချပါ။
မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ။

## မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကျောင်းကြီးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်ခြောက်ပါးနှင့် ဒေသခံပြည်သူ ၁၉၀ တို့အား နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရေပြားရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက် သုပ္ပဋိပန္နစာခင်းဌေး ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၃၆ ပါးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူအများအားထားရာ ပြည်သူ့ဆေးရုံကြီးများ

ခင်သန်းမြင့်

"ရှင်တို့က ကျွန်မတို့ကို အားမကိုးဘူးပေါ့"

"အားကိုးပါတယ် ဆရာမရယ်"

"ဒီလူနာကို အရင်က ကျွန်မတို့ဆေးရုံမှာပဲ ကုပေးခဲ့တာလေ။ ဘယ်လိုဖြစ်လို့အပြင်ဆေးရုံ ရောက်သွားတာတုန်း။ ပိုက်ဆံတွေတော်တော် ပေါတယ်ပေါ့"

"မပေါပါဘူး ဆရာမရယ်။ ချေးငှားပြီးတက် ရတာပါ။ အခုဒီဆေးရုံမှာပဲပြန်တက်ချင်လို့ပါ"

"ကဲ၊ ကဲ။ ဆေးရုံတက်ဖို့ ကျွန်မဆေးစာရေးပေး လိုက်မယ်နော်"

လူနာရှင်မိဘနှစ်ပါး၏ မျက်နှာများကား ဝင်းလက်သွားသည်။ သူတို့ကား ကျောက်ကပ်ဝေဒနာ ရှင် သမီးငယ်ကို ဆေးဝါးကုသရန် မကွေးမြို့ ရွာနီး ချုပ်စပ်ကျေးရွာတစ်ရွာမှ လာရောက်ခဲ့ကြသူများ ဖြစ်သည်။ ရန်ကုန်မြို့ရှိ ဆွေမျိုးနီးစပ် ဘုန်းတော်ကြီးကျောင်းတွင် ခေတ္တတည်းခိုပြီး ပြင်ပအထူးကု ဆေးရုံတစ်ရုံတွင် ဆေးရုံတက်ရောက်ကုသရာမှ နှစ်ပတ်ခန့်ကြာတော့ ငွေကြေးမတတ်နိုင်တော့၍ ယခု ခုတင် (၅၀၀) အထူးကုဆေးရုံကြီးသို့ တစ်ကျော့ ပြန်ပြသခြင်းဖြစ်ကြောင်း သိရသည်။ သို့ဖြင့် ဆေးရုံ က သူတို့ကို ပြန်လက်မခံမှာကို စိုးရိမ်ကြောင့်ကြနေ ရာမှ တာဝန်ကျဆရာဝန်မ၏ ရယ်ရယ်မောမော၊ နောက်နောက်ပြောင်ပြောင်၊ လှိုက်လှဲပျူငှာစွာ လက်ခံ ပေးမှုကြောင့် စိတ်သက်သာရသွားခဲ့ကြလေ သည်။

သူတို့နည်းတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ခုတင် (၅၀၀)အထူးကုဆေးရုံကြီးအပါအဝင် ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီးများသို့ အနယ်နယ်အရပ်ရပ်မှ ဝေဒနာရှင် ပြည်သူအများအပြား လာရောက်ဆေးဝါး ကုသလျက်ရှိကြသည်။

ကျွန်မ ညီမဖြစ်သူကတော့ မူလက ဆီးချိုရောဂါ ဝေဒနာကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြသရာမှ ထပ်ဆောင်းကျောက်ကပ်ဝေဒနာဖြစ်ပြန်၍ ယခု ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း ရှိ ခုတင်(၅၀၀) အထူးကုဆေးရုံကြီး ဆီးနှင့် ကျောက်ကပ် အထူးကုပြင်ပလူနာဌာနတွင် ဆက်လက်ပြသနေရခြင်းဖြစ်သည်။ မူလက တစ်ပတ်တစ်ခါ၊ နောက်ပိုင်းနှစ်ပတ်တစ်ခါ၊ ယခု တော့ တစ်လတစ်ခါ သွားရောက်ပြသနေရပြီး ကျောက်ကပ်အားကောင်းလာစေရန် တစ်လ တစ်ကြိမ်ဆေးသွင်းနေရသည်။ ရက်ချိန်းစေ့၍ သူဆေးရုံသွားပြတိုင်း ကျွန်မကအကူအဖော်အဖြစ် လိုက်ပါရစမြဲ။



ခုတင်(၅၀၀)အထူးကုဆေးရုံကြီး(ရန်ကုန်)ကို တွေ့ရစဉ်။

### ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု (၅၇) ကြိမ်မြောက်ရှိခဲ့

ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ခုတင် ၅၀၀) အထူးကုဆေးရုံကြီးကို ၂၀၁၄ ခုနှစ်တွင် စတင် ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ ကုသရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံသား ဘာသာရပ်ဆိုင်ရာ ပါမောက္ခ / ဌာန မှူးများကဦးဆောင်၍ တာဝန်ခံဆရာဝန်ကြီးများ၊ သူနာပြုများ ပူးပေါင်းပါဝင်သည့် ဆေးအဖွဲ့သည် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ပြီးခဲ့သည့်နှစ် ဇူလိုင်လ ၆ ရက်နေ့ကဆိုလျှင် ကျောက်ကပ်အစားထိုးခွဲစိတ် ကုသမှု (၅၇) ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ကြောင်း သိရ သည်။

ထို့အတူ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကလည်း (၃၅) ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု ကိုအောင်မြင်စွာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အသည်းအစားထိုးကုသမှုများကို ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး၌ ၂၀၀၄ ခုနှစ်မှ စတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ယခုကဲ့သို့ ပြည်တွင်း၌ အသည်းအစားထိုးခွဲစိတ်ကုသမှုများ ဆောင်ရွက်နိုင် ခြင်းဖြင့် ပြည်သူများအတွက် လိုအပ်သောကုသမှုကို လက်လှမ်းမီရရှိစေကာ ပြည်ပသို့ သွားရောက်ကုသ ရမည့် ကုန်ကျစရိတ်များ သက်သာစေခဲ့သည်။

ခုတင်(၅၀၀) အထူးကုဆေးရုံကြီးတွင် အဆုတ်နှင့်ရင်ခေါင်း၊ အရိုးအကြောအဆစ်၊ အကြောအဆစ်နှင့် ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေး၊ အသည်း၊ ဆီးနှင့် ကျောက်ကပ်ရောဂါတို့အတွက် အထူးကု ပြင်ပလူနာဌာနများကိုလည်း သူ့ရက်နှင့်၊ သူ့အချိန် စာရင်းအတိုင်း ဖွင့်လှစ်ကုသပေးလျက်ရှိသည်။ ကျွန်မရောက်တိုင်း ဝေဒနာရှင်ပြည်သူများ ပြတ်သည် ဟူ၍မရှိပေ။

### ဂရုတစိုက်ကြည့်ရှုစစ်ဆေး

တာဝန်ကျဆရာဝန်များက ဝေဒနာရှင်လူနာများ ၏ ဆေးမှတ်တမ်းများ၊ ဆေးစစ်ချက်နှင့် ရောဂါ ဝေဒနာများကို ဂရုတစိုက်ကြည့်ရှုစစ်ဆေး လမ်းညွှန် ကုသပေးလျက်ရှိသလို ဝေဒနာရှင်များ၊ လူနာရှင်များ ကလည်း ဆရာဝန်များ၏လမ်းညွှန်ကုသပေးမှုများ အပေါ် တလေးတစားလိုက်နာကြသည်။ ဆရာဝန် များနှင့် ပြောဆိုဆက်ဆံရာတွင်လည်း သူတို့၏ ရောဂါဝေဒနာများကို ပျောက်ကင်းအောင်ကုသပေး နေသည့် အသက်သခင်ကျေးဇူးရှင်များပေမို့ တရိုတသေရှိကြသည်ကို တွေ့မြင်ရပေသည်။

ကျွန်မသည် ထိုထိုမြင်ကွင်းများကို မြင်လေတိုင်း ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာအရှင် နန္ဒမာလာဘိဝံသ ဟောဖော်ညွှန်ပြဆိုဆုံးမတော်မူ ခဲ့သော **"အခုလို ဆေးရုံတို့ ဆေးခန်းတို့ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေရောက်လာတတ်တာတုန်း ဆိုတော့ ရောဂါစွဲကပ်လို့ ထိုရောဂါအတွက် စိတ်သောကရောက်တဲ့ ပုဂ္ဂိုလ်တွေရောက်လာကြ တာ၊ ဆရာဝန်၊ ဆရာမနဲ့တွေ့လိုက်တဲ့အခါ ရောဂါ အကြောင်း ကျကျနနရှင်းပြလိုက်ရုံပဲ ရောဂါဟာ တစ်ဝက်လောက်သက်သာသွားတယ်။ 'ဘယ်ဆေး သောက်ရင် စားရင် ပျောက်ပါတယ်၊ မပူပါနဲ့၊ ဘယ်လို နေရမယ်၊ ဘယ်လိုထိုင်ရမယ်၊ ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ မသိသေးတာတွေကိုသိအောင် လမ်းညွှန်မှုပေးတယ်'ဆိုလို့ရှိရင် ဒါက ကိုယ့်အတွက် မေတ္တာမနောကံ၊ မေတ္တာဝစီကံ၊ မေတ္တာကာယကံ တွေဖြစ်တာပဲ။ မေတ္တာ ပုဗ္ဗင်္ဂမံ ဝေဇ္ဇ သိပ္ပံ။ ဝေဇ္ဇ သိပ္ပံ – ဆေးပညာအတတ်ဟာ၊ မေတ္တာပုဗ္ဗင်္ဂမံ – မေတ္တာနဲ့ ဦးဆောင်ပြီးတော့ ပြုလုပ်ရတဲ့အလုပ်ကိစ္စဖြစ်တယ်။ ဒါကြောင့် မေတ္တာထားမယ်ဆိုလို့ရှိရင် အင်မတန်မှ တန်ဖိုးရှိတဲ့လုပ်ငန်းကြီးပဲ။ မြင့်မြတ်တဲ့အလုပ်ပဲ"**

**"ဆရာဇီဝက ပညာသင်မလို့ လုပ်တဲ့အခါမှာ 'ဘယ်ပညာ ငါသင်ရကောင်းမလဲ'လို့ စဉ်းစားတယ်။ ပညာရပ်တွေအများကြီး သူစဉ်းစားမိတဲ့အထဲမှာ မကျန်းမမာတဲ့ပုဂ္ဂိုလ်တွေကို ကျန်းမာအောင် ကုစား ပေးတဲ့ဆေးသမားတို့ရဲ့ အတတ်ပညာဟာမကျန်းမာ တဲ့သူကို ကျန်းမာအောင်လုပ်ပေးတာဖြစ်သော ကြောင့် အလုပ်ကိုကမေတ္တာထားတဲ့အလုပ်ဖြစ်သွား တယ်။ ဒါကြောင့်မို့လို့ 'ဒီအလုပ်လောက် မွန်မြတ် တာမရှိဘူး'**လို့ဆိုပြီး ဆေးပညာအလုပ်ကို ရွေးချယ် တာလေ။

**အဲဒီတော့ ကိုယ်လုပ်နေတဲ့လုပ်ငန်းဟာ အင်မတန်မှ မြင့်မြတ်တဲ့အလုပ်ဖြစ်တယ်ဆိုတာ ရှေးဦးစွာ ခံယူထားပြီး မြင့်မြတ်တဲ့အလုပ်ကို မြင့်မြတ် တဲ့စိတ်ဓာတ်နဲ့ အကောင်အထည်ဖော်ရမယ်။ 'တို့ဟာ နေ့စဉ်နဲ့အမျှ ကုသိုလ်ရတဲ့လုပ်ငန်းကြီး တစ်ခုလုပ်နေရတယ်'လို့ ဝမ်းသာရတယ်။ တချို့ က ပြောကောင်းပြောလိမ့်မယ်။ ဒါက business လုပ်ငန်းပဲ။ ပိုက်ဆံရလို့လုပ်တာလို့။ ပိုက်ဆံရလို့ လုပ်တယ်လို့ဆိုပေမယ့် စိတ်ဓာတ်မြင့်မြတ်ရင် (ကိုယ်မျှော်ကိုးတာက ငွေကြေးနေမဟုတ်ဘဲနဲ့နော်) တစ်ဖက်သားရဲ့ရောဂါဝေဒနာ ပျောက်ကင်းရေးကို အာရုံစိုက်နေတဲ့အချိန်မှာဖြစ်တဲ့စိတ်ကို ကုသိုလ် စိတ်လို့ခေါ်တာပဲ။ အဲဒီကုသိုလ်စိတ်ကို ကိုယ်အရ ယူဖို့ လိုတယ်။**

**ရောဂါပျောက်စေချင်တဲ့စိတ်က မေတ္တာဓာတ်ပဲ ပေါ့။ အေး၊ သမားတို့အတတ်ဟာ မေတ္တာအခြေခံပြီး တော့ လုပ်ရတာဖြစ်တာကြောင့် အဲဒီမေတ္တာ အခြေခံတဲ့စိတ်ဓာတ်နဲ့ လုပ်ကြမယ်ဆိုလို့ရှိရင် အင်မတန်မှကုသိုလ်ရပါတယ်။ ကုသိုလ်ရအောင် စိတ်ထဲမှာ နှလုံးသွင်းဖို့ပဲအရေးကြီးပါတယ် "**စသည် ဖြင့် "နှစ်ဦးမေတ္တာလူတိုင်းမှာ" တရားဒေသနာတော် ကို ကြည်ညိုအမှတ်ရမိလေသည်။

### ဆေးရုံများအဆင့်မြှင့်တင်

နိုင်ငံတော်အစိုးရကလည်း ယခုဘဏ္ဍာနှစ် အတွင်း ဆေးရုံများအဆင့်မြှင့်တင်မှုနှင့်အတူ လိုအပ် သည့် ဆေးရုံသုံးစက်ကိရိယာများ ဖြည့်တင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇူလိုင်လ ၃၁ ရက်နေ့က ကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၄)တွင် ယာယီသမ္မတ(တာဝန်)၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကျန်းမာရေးကဏ္ဍမြှင့်တင်မှုနှင့် ပတ်သက်၍ **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ယခုထက်ပိုမိုမြင့်မားလာစေရေး ယခုဘဏ္ဍာနှစ် အတွင်း မြို့နယ်ဆေးရုံနှင့်အထက် ဆေးရုံများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ဆေးရုံသုံးစက်ကိရိယာများဖြည့်တင်းရန် စီစဉ် ဆောင်ရွက်နေကြောင်း၊** စာမျက်နှာ ၁၁ သို့ ❖

"အခုလို ဆေးရုံတို့ ဆေးခန်းတို့ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေ ရောက်လာတတ်တာတုန်းဆိုတော့ ရောဂါစွဲကပ်လို့ ထိုရောဂါအတွက် စိတ်သောကရောက်တဲ့ ပုဂ္ဂိုလ်တွေရောက်လာကြတာ၊ ဆရာဝန်၊ ဆရာမနဲ့ တွေ့လိုက်တဲ့အခါ ရောဂါအကြောင်း ကျကျနနရှင်းပြလိုက်ရုံပဲ ရောဂါဟာ တစ်ဝက်လောက်သက်သာသွားတယ်။ 'ဘယ်ဆေးသောက်ရင် စားရင် ပျောက်ပါတယ်၊ မပူပါနဲ့၊ ဘယ်လိုနေရမယ်၊ ဘယ်လိုထိုင်ရမယ်၊ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ မသိသေးတာတွေကိုသိအောင် လမ်းညွှန်မှုပေးတယ်'ဆိုလို့ရှိရင် ဒါက ကိုယ့်အတွက် မေတ္တာမနောကံ၊ မေတ္တာဝစီကံ၊ မေတ္တာကာယကံတွေဖြစ်တာပဲ။ မေတ္တာ ပုဗ္ဗင်္ဂမံ ဝေဇ္ဇ သိပ္ပံ။ ဝေဇ္ဇ သိပ္ပံ - ဆေးပညာအတတ်ဟာ၊ မေတ္တာပုဗ္ဗင်္ဂမံ - မေတ္တာနဲ့ဦးဆောင်ပြီးတော့ ပြုလုပ်ရတဲ့အလုပ်ကိစ္စဖြစ်တယ်။ ဒါကြောင့် မေတ္တာထားမယ်ဆိုလို့ရှိရင် အင်မတန်မှ တန်ဖိုးရှိတဲ့လုပ်ငန်းကြီးပဲ။ မြင့်မြတ်တဲ့အလုပ်ပဲ"

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မိုးကောင်းမြို့နယ်အတွင်း မိုးစပါးရာနှုန်းပြည့် စိုက်ပျိုးဆောင်ရွက်ပြီးစီးမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဩဂုတ် ၁၇

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်အတွင်း မိုးစပါး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်နှင့် တာဝန်ရှိသူများက မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ အရပ်ဘက်လူမှုအသင်းအဖွဲ့များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ကျေးရွာများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ရပ်မိ/ရပ်ဖများ၊ အုပ်ချုပ်ရေးမှူးများ၊ ကျေးလက်ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ကာ စာသင်ဆောင်များအတွင်း ပညာသင်ကြားနေသော Grade-12 ကျောင်းသား ကျောင်းသူများအား ပညာကို ကြိုးစားသင်ယူနိုင်ရေး ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေတွင်းကုန်းကျေးရွာ ပင်းဘောမြောက်/ တောင်ကွင်း ကွင်းအမှတ်(၁၇၀) တောင်သူ ဒေါ်ဖြူဖြူဝင်း၏ လယ် ငါးဧက၌ မိုးစပါးစီးပွားဖြစ် မျိုးစေ့ထုတ် စံပြစိုက်ခင်းအတွင်း ဆင်းကေရီ-၃ အထွက်တိုးမျိုးစပါးများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုနှင့် တောင်သူများက ပင်ကြားပေါင်းနုတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပင်လုံကျေးရွာ၊ ပင်လုံကွင်း မိုးစပါးစိုက်လယ်မြေများအတွင်း စိုက်ပျိုးရေအတွက် နန့်စံကျင်ချောင်းပေါ်ရှိ ပင်လုံဆည်မှတစ်ဆင့် အရှည်ပေ ၁၆၀၀ ရှိ ကွန်ကရစ်ရေနုတ်မြောင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ အင်ကြင်းကုန်းကျေးရွာ အင်ကြင်းကုန်းကွင်း၊ ကွင်းအမှတ် ၁၆၂ မှတစ်ဆင့် ကွင်းအတွင်း မိုးစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့မှတစ်ဆင့် တောင်နီကျေးရွာအုပ်စု ထီးချိုင့်ကျေးရွာသို့ သွားရောက်ပြီး ထီးချိုင့်ကွင်းအတွင်းရှိ မိုးစပါးစိုက်တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာအိတ်များကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူများအား ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျရောစပ်အသုံးပြုနိုင်ရေး အသိပညာပေးဆောင်ရွက်ထားရှိမှုနှင့် တောင်သူ ဦးကျော်မောင်၏ မိုးစပါးစီးပွားဖြစ် မျိုးစေ့ထုတ် စံပြစိုက်ခင်းအတွင်း ဆင်းကေရီ-၃ အထွက်တိုး မျိုးစပါးစိုက်ခင်းအတွင်း ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျရောစပ်ကြဲပက် သရုပ်ပြသမှုကို ဒေသခံတောင်သူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက် သာသနဒ္ဓဇမာန်၌ ဇူလိုင်လကုန်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နန့်ကောင်းချောင်းရေမြင့်တက်လာခဲ့သဖြင့် ရေကြီးနစ်မြုပ်ခဲ့သော ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြားပြီး အိမ်ထောင်စုများအတွက် ဆီ၊ ငါးသေတ္တာဘူးများ၊ ကြက်ဥနှင့် တာပေါ်လင်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မိုးကောင်းမြို့နယ် မြတောင်ကွင်း၌ နန့်လှိုင်ကျေးရွာမှ တောင်သူများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် တောင်သူဦးမျိုးမျိုး၏လယ်၌ မိုးစပါးစီးပွားဖြစ် မျိုးစေ့ထုတ် စံပြစိုက်ခင်းအတွင်း ဆင်းကေရီ -၃ အထွက်တိုးမျိုးစပါးများ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်စိစစ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်စိစစ်ရေးအဖွဲ့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ၏ ပထမဆုံး အခမဲ့သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး/ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း/ ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးညွှန်ကြားရေးမှူးက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း/ ကြီးကြပ်ရေးအဖွဲ့ဝင်များက မိမိတို့ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး အခမ်းအနားတက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြကာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကြသည်။

ယင်းနောက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



❖ စာမျက်နှာ ၁၀ မှ

**ယခုနှစ်အတွင်း ဆေးရုံသုံးပစ္စည်းကိရိယာ ဝယ်ယူဖြည့်တင်းခြင်းနှင့် ဆေးရုံများတိုးချဲ့ဆောက်လုပ်ခြင်းအတွက် သီးသန့်ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၂၂ သန်းနှင့် ကျပ်ငွေ ၁၁၆ ဒသမ ၈ ဘီလီယံကို အသုံးပြုသွားမည်ဖြစ်ကြောင်း။**

**ကျန်းမာရေးနှင့်ပတ်သက်ပြီး လစ်လပ်သွားခဲ့သည့် ကျန်းမာရေးဝန်ထမ်းနေရာများကို ပြည့်မီစွာ ပြန်လည်ခန့်အပ်နိုင်ရန်အတွက် "ဆေးရုံတိုင်း ဆရာဝန်ရှိရမည်"ဆိုသည့်မူကို ချမှတ်ပြီး မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးဝါဒမှိုင်းကြောင့် တာဝန်မှလုပ်ငန်းခွင်စွန့်ခွာသွားသည့် ကျန်းမာရေးဝန်ထမ်းများ၏ နေရာများတွင် ပြန်လည်အစားထိုးခန့်အပ်ပေးနိုင်ရန် အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်း ဆေးပေးခန်း ၇၂၇၈ ခုနှင့် ဆေးရုံပေါင်း ၇၅၇ ရုံတွင် ကျန်းမာရေးဝန်ထမ်း ၆၈၂၅၈ ဦးနှင့် ပြည်သူလူထု၏ ကျန်းမာရေးကိုစောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ လူသားတိုင်း၏ကျန်းမာရေးဆိုင်ရာ အခြေခံရပိုင်ခွင့်များကို ပြည့်ဝစွာရရှိရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။**

ပြည်သူ့ဆေးရုံ၊ ဆေးခန်းများကို အားကိုးအားထားပြုနေကြရသည့် အများပြည်သူများအတွက် အားတက်ဝမ်းမြောက်စရာ သတင်းကောင်းတစ်ရပ်ပါပေ။

ကျွန်မကတော့ ကျွန်မညီမကဲ့သို့ ခုတင်(၅၀၀) အထူးကုဆေးရုံကြီးတွင် တစ်လတစ်ကြိမ်ဆေးလာသွင်းလေ့ရှိသည့် အောင်လံမြို့က ပါးဖောင်းဖောင်းလေးနှင့် ကျောက်ကပ်ဝေဒနာရှင် ညီမငယ်လေး၏ ရီဝေဝေးမောနေသော မျက်ဝန်းများကို အမှတ်ရနေမိသည်။

ကျွန်မညီမ ပထမဆုံးအကြိမ်ဆေးရုံတွင် ဆေးသွင်းစဉ်က မစိုးရိမ်ဖို့၊ မကြောက်ဖို့၊ သူ့အနေဖြင့် ဆေးသွင်းပြီးမှ ကျန်းမာရေးပိုကောင်းလာမှု၊ အဖောအရောင် ပျောက်ကင်းသွားမှုများအပါအဝင် အားပေးစကားပြောကြားခဲ့သူ သနပ်ပင်မြို့က ဦးလေးကြီးကတော့ ဆေးပတ်အကြိမ်ရေပြည့်သွားခဲ့ပြီဖြစ်၍ ယခုတစ်ကြိမ်မှာတော့ မတွေ့ရတော့။

ထို့အတူ မကွေးမြို့ရွာနီးချုပ်စပ်ကျေးရွာမှ တစ်ကျော့ပြန်ဆေးရုံလာတက်ခဲ့သည့် သမီးငယ်လေးကိုလည်း ယခုအခေါက်ဆေးရုံမှာ မတွေ့ရတော့။ သက်သာပျောက်ကင်းသွား၍ ဆေးရုံမှ ပြန်ဆင်းသွားသည်ဟု သတင်းစကားကြားသိရသည်။

ကျွန်မအဖို့မူ တစ်လတစ်ကြိမ် ခုတင်(၅၀၀) အထူးကုဆေးရုံကြီးသို့ ရောက်လေတိုင်း ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးပီပီ သံဝေဂဉာဏ်လည်းပွားများရသလို ဝေဒနာရှင်များအတွက်လည်း မေတ္တာ၊ ကရုဏာပွားများရပါသည်။ ထို့အတူ ဝေဒနာရှင်များ၊ လူနာစောင့်များအတွက် အခါအားလျော်စွာ ထမင်း၊ ဟင်းများ လာရောက်လှူဒါန်းပေးကြသည့် စေတနာရှင်၊ အလှူရှင်များ၏ မွန်မြတ်သောအလှူဒါနအတွက်လည်း မုဒိတာပွားရပါသည်။

သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ။ ။

> **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်ပြီး လစ်လပ်သွားခဲ့သည့် ကျန်းမာရေးဝန်ထမ်းနေရာများကို ပြည့်မီစွာပြန်လည်ခန့်အပ်နိုင်ရန်အတွက် "ဆေးရုံတိုင်း ဆရာဝန်ရှိရမည်" ဆိုသည့်မူကိုချမှတ်ပြီး မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးဝါဒမှိုင်းကြောင့် တာဝန်မှ လုပ်ငန်းခွင်စွန့်ခွာသွားသည့် ကျန်းမာရေးဝန်ထမ်းများ၏နေရာများတွင် ပြန်လည်အစားထိုးခန့်အပ်ပေးနိုင်ရန် အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်း ဆေးပေးခန်း ၇၂၇၈ ခုနှင့် ဆေးရုံပေါင်း ၇၅၇ ရုံတွင် ကျန်းမာရေးဝန်ထမ်း ၆၈၂၅၈ ဦးနှင့် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ လူသားတိုင်း၏ ကျန်းမာရေးဆိုင်ရာအခြေခံရပိုင်ခွင့်များကို ပြည့်ဝစွာရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်"**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## မြန်မာဗျည်းအက္ခရာများ

မြန်မာဘာသာတွင် ကကြီးခခွေးဟူသော ဗျည်းအက္ခရာနှစ်လုံးကို အစပြု၍ ဗျည်းအက္ခရာသုံးဆယ့်သုံးလုံးရှိသည်ဟု သတ်မှတ်ခဲ့ကြသည်။ ထိုဗျည်းအက္ခရာများကို ကျနသေချာမတတ်သေးလျှင် မြန်မာတစ်ယောက်အဖို့ လူရေးလူရာ၊ လူ့ကိစ္စ၊ လူ့အရည်အသွေးညံ့နေသည်ဟု ဆိုလိုသည်။ ထိုဗျည်းအက္ခရာများကို ကျနသေချာ လေ့လာတတ်သိပြီးလျှင် မြန်မာဗျည်းများ၊ မြန်မာသရများကို တိုးတက်လေ့လာ တတ်မြောက်သင့်သည်ဟု မှတ်ယူရမည်။



က/ ကခ့ကြီး /

**က** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် အစအဦး ဗျည်းအက္ခရာဖြစ်သည်။ ကကြီး ဟုခေါ်သည်။ က ခ ဂ ဃ င ဟူသော ကဝဂ်ဗျည်းအက္ခရာ ငါးလုံးတွင် ပထမဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် ပထမက္ခရာဟုတွင်သည်။ သံနှံ့သံထင်ဟူသော အသံနှစ်မျိုးတွင် သံနှံ့ဖြစ်သည်။ သံနှံ့ သံထင်ကို သံညင်း သံပြင်းဟုလည်း ဆိုကြပြန်ရာ က သည် သံညင်းဖြစ်သည်။ ပါဠိဘာသာအားဖြင့် အဃောသအက္ခရာ ဖြစ်သည်။ ကဝဂ်ဗျည်း ငါးလုံးတွင် က ခ င သုံးလုံးသည် သံနှံ့များဖြစ်သည်။ သံညင်းများဖြစ်သည်။ သံနှံ့သံညင်းများဖြစ်သော ကနှင့် ခတွင်လည်း က သည် သံလျော့၊ ခ သည် သံတင်းဖြစ်သည်။ ပါဠိဘာသာဖြင့် သံလျော့ကို သိထိလ၊ သံတင်းကို ဓနိတဟုခေါ်သည်။ အနက်အဓိပ္ပာယ်အရ သုဒ္ဓဗျည်း၊ ကာရိုက်ဗျည်းဟုနှစ်မျိုးရှိရာ က သည် သုဒ္ဓဗျည်း၊ ခ သည် ကာရိုက်ဗျည်းဖြစ်သည်။ ပါဠိဘာသာတွင် က ခ ဂ ဃ င ဟူသော ကဝဂ်ဗျည်းများသည် လည်ချောင်းတွင်ဖြစ်သော ဗျည်းများဟုဆိုသည်။ မြန်မာဘာသာတွင်မူ ကဝဂ်ဗျည်း ငါးလုံး၏ အသံဖြစ်ရာ ဌာန်သည် အာခေါင်ပျော့ဖြစ်သည်။ ထို့ကြောင့် က ကို အာခေါင်ပျော့ဗျည်းဟု မှတ်ယူရမည်။ ခံတွင်းထဲတွင် အပေါ်ဘက်အခြမ်းသည် အာခေါင်ဖြစ်သည်။ အာခေါင်တွင် ရှေ့ပိုင်းသည် အာခေါင်မာ ဖြစ်သည်။ နောက်ဘက်ပိုင်းသည် အာခေါင်ပျော့ဖြစ်သည်။ အာခေါင်မာသည် မလှုပ်ရှားနိုင်။ အာခေါင်ပျော့သည် လှုပ်ရှားနိုင်သည်။

ကကြီးဟူသော အမည်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ကကြီး ဃကြီး ဇကြီး ဋကြီး ဟူသောဗျည်းတို့၏ သင်္ကေတသည် အကြီး ဟူသည်ကို လိုက်၍ ခပ်သိမ်းသော အက္ခရာတို့ထက် ကြီးမြတ်၏ မယူလို။ ကကြီး ဃကြီး အက္ခရာတို့သည် မိမိတို့၏ ဝဂ်ဗျည်းအစု၌ ပမာဏအရာအားဖြင့် ကျယ်သည် ပြန့်သည်ကိုသော်လည်း ယူသင့်၏။ ဂငယ် ဟူသည်ကို ထောက်၍ ထိုဂငယ်ထက် နှစ်ပြန်မျှသောအရာပမာဏ ကျယ်သည် ပြန့်သည်ကိုထောက်၍ ကကြီး ဃကြီး၊ ဤ ကကြီး ဃကြီးမှ ထောက်၍ ထက်ဝက်မျှသော အရာပမာဏ အပြန့်ကျဉ်းသောကြောင့် ဂငယ် ဟူ၍ စူဠပုဏ် မဟာပုဏ်၊ စူလပန် မဟာပန် စသည်ကဲ့သို့ ကကြီးဟူသော်လည်း ခပ်သိမ်းစုံထက်မကြီး၊ ဂငယ်ဟူသော်လည်းခပ်သိမ်းစုံအောက်မငယ်၊ တစ်ခုမှထောက်၍သာ တစ်ခုကြီး၏၊ တစ်ခုငယ်၏ ဟူ၍လည်း ယူသင့်၏"ဟု ရှင်းပြခဲ့ပါသည်။

**ကကြီး**သည် စုတ်ချက်နှစ်ချက်ဆွဲအက္ခရာ ဖြစ်သည်။



ခ/ ခါငွေး /

**ခ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်လုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ ခခွေးဟု ခေါ်သည်။ ကဝဂ်ဗျည်းအက္ခရာ ငါးလုံးတွင် ဒုတိယဗျည်းအက္ခရာဖြစ်သောကြောင့် ဒုတိယက္ခရာဟု ခေါ်သည်။ သံနှံ့သံတင်းဗျည်း ဖြစ်သည်။ သံညင်းသံတင်းဗျည်းဟုလည်း ခေါ်ကြသည်။ အဃောသဓနိတဗျည်းဖြစ်သည်။ အနက်အဓိပ္ပာယ်အရ ကာရိုက်ဗျည်းဖြစ်သည်။ အာခေါင်ပျော့ဗျည်းဖြစ်သည်။ ခခွေးဟူသော အမည်ကို မြန်မာတို့က မှည့်ခေါ်ထားခြင်းဖြစ်သည်။ ခခွေးဟူသော အမည်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "အောက်အစ အထက်အစကို မစပ်စေဘဲ အတန်ငယ်အတွင်းသို့ ခွေညွတ်၍ ရေးခြင်းသည်သင့်၏။ ဤအရာ၌အတွင်းသို့ ခွေညွတ်သည်ကိုထောက်၍ ဝိသဇ္ဇနီသံမပါဘဲ ခခွေ ဟူ၍ပင် ဆိုရအံ့သောအရာဖြစ်လျက် ကဏ္ဍသုခ ဖြစ်စေခြင်းငှာ . . . ခခွေးဟုခေါ်သည်"ဟု ရှင်းပြထားပါသည်။ အခွေ၊ အကွေး၊ အခွေးပါသည်ကိုထောက်၍ ခခွေးဟုခေါ်သည်ဟူ၍ ဆိုလျှင်လည်း သင့်ကောင်း၏ ဆိုနိုင်ပါသေးသည်။

**ခခွေး**သည် စုတ်ချက်တစ်ချက်ဆွဲအက္ခရာ ဖြစ်သည်။



ဂ / ဂါငယ် /

**ဂ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် သုံးလုံးမြောက် ဗျည်းအက္ခရာ ဖြစ်သည်။ ဂငယ်ဟု ခေါ်သည်။ ကဝဂ်ဗျည်းအက္ခရာ ငါးလုံးတွင် တတိယဗျည်းအက္ခရာ ဖြစ်သောကြောင့် ကဝဂ်၏ တတိယက္ခရာဟု ခေါ်သည်။ သံထင်သံလျော့ဗျည်းဖြစ်သည်။ မြန်မာဗျည်းအက္ခရာများတွင် အနက်မရှိသောဗျည်း ဖြစ်သည်။ အာခေါင်ပျော့ဗျည်းဖြစ်သည်။ ဂငယ် ဟူသောအမည်ကို မြန်မာတို့က ပေးထားခြင်းဖြစ်သည်။ ဂငယ်ဟူသောအမည်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ကကြီးအက္ခရာ၏ ခွဲမျှ၊ ထက်ဝက်မျှ အရာပမာဏအားဖြင့် အပြန့်ကျဉ်းသည်၊ ငယ်သည်ကိုထောက်၍ ဂငယ် ဟူသောဝေါဟာရနှင့်အညီ ရေးမှတ်လျှင် သဘောပြေတော့သည်"ဟူ၍ ဆိုထားပါသည်။

**ဂငယ်**သည် စုတ်ချက်တစ်ချက်ဆွဲအက္ခရာဖြစ်သည်။



ဃ/ ဂါ့ကြီး /

**ဃ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် လေးလုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ ဃကြီးဟု ခေါ်သည်။ ကဝဂ်ဗျည်း ငါးလုံးတွင် စတုတ္ထဗျည်းအက္ခရာဖြစ်သောကြောင့် စတုတ္ထက္ခရာဟု ခေါ်သည်။ ပါဠိဘာသာတွင် သံထင်သံတင်းဗျည်း ဖြစ်သော်လည်း မြန်မာမှုတွင် သံထင် သံလျော့ဗျည်းဖြစ်သည်။ မြန်မာဗျည်းအက္ခရာများတွင် အနက်မရှိသောဗျည်းဖြစ်သည်။ အာခေါင်ပျော့ဗျည်းဖြစ်သည်။ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ဂငယ်ဟူသည်ကိုထောက်၍ ထိုဂငယ်ထက် နှစ်ပြန်မျှသော အရာပမာဏကျယ်သည်ပြန့်သည်ကို ထောက်၍ ကကြီး ဃကြီး ဟူ၍လည်း ယူသင့်၏"ဟု ရှင်းပြထားပါသည်။

**ဃကြီး**သည် စုတ်ချက်သုံးချက်ဆွဲအက္ခရာဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တက္ကသိုလ်၊ ကျောင်းများ ကြည့်ရှုအားပေးပြီး ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းတည်ထောင်သူများ၊ အုပ်ချုပ်သူများနှင့်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၇

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသူများ ကဗျာလွတ်အကလေ့ကျင့်နေမှု၊ Language Lab၊ ဓာတုဗေဒလက်တွေ့ခန်း၊ ရူပဗေဒလက်တွေ့ခန်း၊ ဇီဝဗေဒလက်တွေ့ခန်းများတွင် လက်တွေ့သင်ယူလေ့ကျင့်နေကြသည့် ကျောင်းသား ကျောင်းသူများကို လှည့်လည်ကြည့်ရှုအားပေးသည်။



ဆက်လက်၍ စာသင်ခန်းများနှင့် ကျောင်းစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ယဉ်ကျေးမှုဖြင့် ကျောင်းသား ကျောင်းသူများ အသိပညာတိုးပွားစေရေးနှင့် လိမ္မာယဉ်ကျေးမှုရှိစေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိရေး လေ့ကျင့်ပျိုးထောင်ပေးရန် တာဝန်ရှိသူများအား မှာကြားပြီး ကျောင်း Canteen အတွင်းရှိ စားသောက်ဆိုင်များကို ကြည့်ရှုစစ်ဆေးကာ အစားအသောက်များ ကျန်းမာရေးနှင့်ညီညွတ်စေရေး၊ သန့်ရှင်းမှုရှိစေရေး မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် တွေ့ဆုံ၍ အဝေးသင်ပညာရေးသင်တန်းများကို နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ် ၄၂ ခုတွင် ဖွင့်လှစ်ပို့ချသင်ကြားလျက်ရှိပါကြောင်း၊ အဝေးသင်ပညာရေး သင်ကြားသင်ယူမှု၊ စာမေးပွဲစစ်ဆေးမှုများ၌ One campus Two systems စနစ်ကို ကျင့်သုံးလျက်ရှိရာ အားသာချက်၊ အားနည်းချက်များ ဝိုင်းဝန်းဆွေးနွေးအကြံပြုကြစေလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ကျောင်းဝင်မှတ်ပုံတင်ခြင်း၊ ကျောင်းလခပေးသွင်းခြင်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် အဆင်ပြေစေရန် အွန်လိုင်း၊ မိုဘိုင်းမှ ငွေပေးသွင်းသည့်စနစ်ကို ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် စတင်ကျင့်သုံးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အွန်လိုင်းဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများမှာလည်း စနစ်တကျ စီစဉ်ကြီးကြပ်ဆောင်ရွက်ပါက ထိရောက်အောင်မြင်သဖြင့် အားပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အဝေးသင်တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်အောင် သင်ကြားပေးရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခများက တက္ကသိုလ်တွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် အွန်လိုင်းသင်တန်းများနှင့် စပ်လျဉ်း၍ တင်ပြကာ အဝေးသင်ပညာရေး တိုးတက်ရေးကိစ္စရပ်များကို အကြံပြုဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးတို့သည် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့်အတူ ကမာရွတ်မြို့နယ် သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း တည်ထောင်သူများ၊ အုပ်ချုပ်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပုဂ္ဂလိကကျောင်းများ တက္ကသိုလ်အဆင့်၊ ကောလိပ်အဆင့်၊ စင်တာအဆင့် မှတ်ပုံတင်ခွင့်ရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များ၊ အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း၊ တက္ကသိုလ်အဆင့် မှတ်ပုံတင်ခွင့်ရရှိရန် ပညာရပ် (Academic) ပိုင်း၊ လူ့စွမ်းအားအရင်းအမြစ် (Human Resources) နှင့် အခြေခံအဆောက်အအုံ (Infra-structure)ပိုင်း ဆိုင်ရာသတ်မှတ်ချက်များ ပြည့်မီရမည်ဖြစ်ပါကြောင်း၊ ကိုယ်ပိုင်ကျောင်းအချို့၏ သင်တန်းကြေးများ မြင့်မားနေမှုကြောင့် သင့်တင့်မျှတသောနှုန်းထားတစ်ခု သတ်မှတ်ဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးထားရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် လူမှုရေးရာဝန်ကြီးက ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်ကိစ္စရပ်များကို ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများမှ တက်ရောက်လာသောကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဒုတိယဝန်ကြီး၊ လူမှုရေးရာဝန်ကြီး၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမေရိကန်နိုင်ငံက ယခုနှစ်တွင် ဂျပန်၊ တောင်ကိုရီးယားတို့နှင့် သုံးနိုင်ငံ ထိပ်သီးဆွေးနွေးပွဲကျင်းပရန် ရည်မှန်းထား

ဝါရှင်တန် ဩဂုတ် ၁၇

အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ခေါင်းဆောင်များသည် ပုံမှန်တွေ့ဆုံရန် သဘောတူထားသည့်အတိုင်း ယခုနှစ်မကုန်မီ သုံးနိုင်ငံထိပ်သီးဆွေးနွေးပွဲကို ကျင်းပရန်ရည်မှန်းထားကြောင်း အမေရိကန် အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

**ထိပ်သီးဆွေးနွေးပွဲ တစ်ရပ်ပြုလုပ်**

ယမန်နှစ် ဩဂုတ်လတွင် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ၊ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးလ် တို့သည် ဝါရှင်တန်မြို့အပြင်ဘက်တွင် ထိပ်သီးဆွေးနွေးပွဲ တစ်ရပ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

သုံးနိုင်ငံထိပ်သီးအစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပခြင်းဖြင့် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ဖွဲ့စည်းရန် သဘောတူညီခဲ့ကြသည်။



အိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီ၏ အရှေ့အာရှနှင့် သမုဒ္ဒရာပိုင်းဆိုင်ရာ အကြီးတန်းညွှန်ကြားရေးမှူး ရက်ဟုပါက ယခုသီတင်းပတ်ကုန်ပိုင်းတွင် ပြုလုပ်သည့် မိန့်ခွန်းတွင် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုအကြောင်းအရင်းနှင့် စပ်လျဉ်း၍ ပြောကြားခဲ့သည်။

အိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီ၏ အရှေ့အာရှနှင့် သမုဒ္ဒရာပိုင်းဆိုင်ရာ အကြီးတန်းညွှန်ကြားရေးမှူး ရက်ဟုပါက အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် အပြောင်းအလဲကို ခံနိုင်ရည်ရှိပြီး မတူကွဲပြားသည့် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုပုံစံအားလုံးကို မည်သို့ဆောင်ရွက်ရမည်ဆိုသည်နှင့်စပ်လျဉ်း၍ ပြောကြားသည်။

အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ သုံးနိုင်ငံထိပ်သီးအစည်းအဝေးကို ကျင်းပခြင်း အားဖြင့် မိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

လက်ရှိအမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲတွင် ဒုတိယသက်တမ်းအတွက် အရွေးမခံရသော်လည်း သုံးနိုင်ငံခေါင်းဆောင်ပိုင်း အပြောင်းအလဲအပြီးတွင် မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်ဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားကမ္ဘာ့စိန်ခေါ်မှုများကို တုံ့ပြန်ရာတွင် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှု ဆက်လက်လုပ်ဆောင်ရန် လိုလားလျက်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**

# အမေရိကန်ဒုတိယသမ္မတ ကင်မလာဟဲရစ်က ၎င်း၏ အနာဂတ်စီးပွားရေးအစီအစဉ် ထုတ်ဖော်ပြောကြား

ဝါရှင်တန် ဩဂုတ် ၁၇

အမေရိကန် ဒုတိယသမ္မတ ကင်မလာဟဲရစ်သည် ၎င်း၏ ပထမဆုံး မူဝါဒမိန့်ခွန်းတွင် နိုင်ငံ၏ အနာဂတ် စီးပွားရေး အစီအစဉ်ကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း လူနေမှုစရိတ်သက်သာစေရန်နှင့် အကြီးစားကော်ပိုရေးရှင်းများကို ကောင်းမွန်စွာ ကိုင်တွယ်ရန် ၎င်းက အဓိကထား ပြောသည်။

**ထုတ်ဖော်ပြောကြား**

ဟဲရစ်သည် မြောက်ကာရိုလိုင်းနားပြည်နယ်၌ ကျင်းပခဲ့သည့် လူထုစုဝေးပွဲတွင် ၎င်း၏ ပထမဆုံး ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် အဆိုပြုချက်များကို ထုတ်ဖော်ပြောကြားသည်။

သမ္မတရာထူး တာဝန်ထမ်းဆောင်ရမည်ဆိုပါက နိုင်ငံ၏ စီးပွားရေး၊ လုံခြုံရေး၊ တည်ငြိမ်မှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်သွားမည့်အပြင် လူလတ်တန်းစားများအတွက် စီးပွားရေးအခွင့်အလမ်းများကို ပိုမိုဖန်တီးပေးသွားမည်ဖြစ်ကြောင်း ဟဲရစ်က ဆိုသည်။

ထို့ပြင် ၎င်း၏ အစီအစဉ်များတွင် ကုန်စုံဆိုင်များ၏ ဈေးနှုန်းကြီးမြင့်မှုကို ကိုင်တွယ်ဖြေရှင်းရန် ကွန်ဂရက်လွှတ်တော်နှင့် လက်တွဲပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ကုန်ကျစရိတ် အနည်းငယ်ဖြင့် အိမ်တစ်လုံးပိုင်ဆိုင်ရန်နှင့် ပထမအကြိမ် အိမ်ဝယ်ယူသူများ အနေဖြင့် အမေရိကန်ဒေါ်လာ ၂၅၀၀၀ ခန့်သာ ပေးချေရမည်ဖြစ်ပြီး အိမ်ဆောက်သူများကိုလည်း အခွန်လျှော့ပေါ့ ကောက်ခံပေးသွားမည်ဖြစ်ကြောင်း ဟဲရစ်က ကတိပြုခဲ့သည်။




ထို့ပြင် အခြားအစီအမံများတွင် အခွန်ဖြတ်တောက်ခြင်းနှင့် ဆေးဝါးများ၏ ကုန်ကျစရိတ်ကို လျှော့ချခြင်းတို့ ပါဝင်ကြောင်း သိရသည်။

အလားတူ ဩဂုတ် ၁၄ ရက်တွင် အမေရိကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် ၎င်း၏ စီးပွားရေး အစီအစဉ်ကို မြောက်ကာရိုလိုင်းနား၌ ထောက်ခံသူများအား ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

အခွန်ကောက်ခံမှု နှုန်းထားလျှော့ချခြင်း၊ စွမ်းအင်ကုန်ကျစရိတ်သက်သာခြင်း၊ အတိုးနှုန်းလျှော့ချခြင်း၊ ငွေကြေးဖောင်းပွမှုကို ထိရောက်စွာ ကိုင်တွယ်ခြင်းစသည့် စီးပွားရေးဆိုင်ရာ ၎င်း၏ အစီအစဉ်များကို ပြောကြားသည်။ ပြည်သူအားလုံးသည် မော်တော်ကားတစ်စီးနှင့် အိမ်တစ်လုံး ပိုင်ဆိုင်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထရမ့်က ပြောကြားသည်။

ထို့ပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို မြှင့်တင်မည်ဖြစ်ပြီး ၎င်း၏ရာထူးသက်တမ်း ပထမနှစ်တွင် စွမ်းအင်ဈေးနှုန်း ၅၀ ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဟု ထရမ့်က ကတိပြုပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၌ မကြာသေးမီနှစ်များအတွင်း ငွေကြေးဖောင်းပွမှု မြင့်တက်လာခဲ့သည်။ ပြည်သူများသည် ၎င်းတို့၏ နေထိုင်မှုစရိတ်ကြီးမြင့်မှုကို ထိပ်တန်းစိုးရိမ်မှုတစ်ခုအဖြစ် သတ်မှတ်ကြသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# သီရိလင်္ကာနိုင်ငံက ၂၀၂၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွား သုံးသန်းဝင်ရောက်ရန် မျှော်မှန်းထား

ကိုလံဘို ဩဂုတ် ၁၇

သီရိလင်္ကာခရီးသွားလုပ်ငန်းအာဏာပိုင်များသည် ၂၀၂၅ ခုနှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည် သုံးသန်းခန့် ဝင်ရောက်လာရန် မျှော်မှန်းထားကြောင်း သီရိလင်္ကာခရီးသွားလုပ်ငန်းမြှင့်တင်ရေးဗျူရိုမှ တာဝန်ရှိသူ ပီရဲရာက ပြောကြားသည်။

သီရိလင်္ကာခရီးသွားလုပ်ငန်းအာဏာပိုင်များသည် နိုင်ငံတကာခရီးသွားဝင်ရောက်မှု ပထမအဆင့်အဖြစ် တရုတ်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနှင့် အိန္ဒိယနိုင်ငံတို့ကို ပစ်မှတ်ထားမည်ဖြစ်ပြီး ဒုတိယအဆင့်မှာ ရုရှား၊ ဩစတြေးလျ၊ ဂျပန်၊ တောင်ကိုရီးယား၊ ပိုလန်၊ အီတလီနှင့် စကင်ဒီနေးဗီးယား အလယ်ပိုင်းကို ပစ်မှတ်ထားမည်ဖြစ်ကြောင်း ပီရဲရာက ပြောကြားသည်။

သီရိလင်္ကာသို့ ဩဂုတ် ၁၂ ရက်တွင် ကမ္ဘာလှည့်ခရီးသွား ၁ ဒသမ ၂ သန်းကျော် ရောက်ရှိလာပြီး အောက်တိုဘာလမှ ဒီဇင်ဘာလအထိ နောက်ထပ် ၁ ဒသမ ၁ သန်း လာရောက်ရန် မျှော်လင့်ထားကြောင်း ပီရဲရာက ပြောကြားခဲ့သည်။ ထို့ပြင် သီရိလင်္ကာနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ခရီးသွား ၂ ဒသမ ၃ သန်းကို ဆွဲဆောင်နိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။



ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံ၏ ထိပ်တန်းနိုင်ငံခြားဝင်ငွေရရှိစေသော လုပ်ငန်းတစ်ခုဖြစ်ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည် ၂၀၂၄ ခုနှစ် ပထမ ခုနစ်လအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈ ဘီလီယံကျော်အထိ မြင့်တက်လာပြီး တစ်နှစ်ထက်တစ်နှစ် ၇၃ ဒသမ ၃ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# ဂါဇာဒေသ၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရန် ယာယီအပစ်အခတ်ရပ်စဲရေး ကုလသမဂ္ဂတောင်းဆို

ကုလသမဂ္ဂ ဩဂုတ် ၁၇

ဂါဇာကမ်းမြောင်ဒေသ၌ ပိုလီယိုဗိုင်းရပ်စ်ပိုး တွေ့ရှိပြီးနောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးလှုပ်ရှားမှုကို စတင်နိုင်စေရန် လက်ရှိဖြစ်ပွားနေသော တိုက်ပွဲများကို ခေတ္တရပ်ထားရန်ကုလသမဂ္ဂက တောင်းဆိုထားကြောင်း သိရသည်။

ဂါဇာရှိ ကျန်းမာရေးအာဏာပိုင်များက ကာကွယ်ဆေးမတိုက်ကျွေးရသေးသည့် ၁၀ လသားအရွယ် ကလေးတစ်ဦး ရောဂါကူးစက်ခံရကြောင်း ဩဂုတ် ၁၆ ရက်တွင် ကြေညာခဲ့သည်။ ဂါဇာဒေသ၌ ၂၅ နှစ်အတွင်း ပထမဆုံး ပိုလီယိုရောဂါ ဖြစ်ပွားကြောင်း အတည်ပြုခဲ့သည်။

ပိုလီယိုရောဂါသည် ကလေးငယ်များတွင် ဖြစ်ပွားမှုနှုန်းများပြီး ပြင်းထန်သော အခြေအနေများတွင် သွက်ချာပါဒဖြစ်စေသည်။

ကုလသမဂ္ဂက ဂါဇာကမ်းမြောင်ဒေသ၌ ပိုလီယိုရောဂါ ကူးစက်နိုင်ကြောင်း ဇူလိုင်လက သတိပေးပြောကြားခဲ့သည်။ ဂါဇာဒေသ၌ ကလေးငယ်ပေါင်း ၆၄၀၀၀၀ ကျော်ကို ကာကွယ်ဆေးတိုက်ကျွေးရန် အဆင်သင့်ဖြစ်လျက်ရှိကြောင်း ကုလသမဂ္ဂက ဩဂုတ် ၁၆ ရက်တွင် ကြေညာခဲ့သည်။

ပိုလီယိုဗိုင်းရပ်စ်ကူးစက်မှုကို ပေါ့ပေါ့တန်တန် လျစ်လျူရှုမည်ဆိုပါက ဂါဇာဒေသရှိပါလက်စတိုင်းကလေးများအတွက်သာမက အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းတွင်ပါ ဆိုးရွားသည့် အကျိုးသက်ရောက်မှုများ ရှိလာမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် သတိပေးပြောကြားသည်။

ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသည့် အစီအစဉ်အောင်မြင်စေရန်အတွက် ကလေးများနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကာကွယ်ဆေး တိုက်ကျွေးသည့် အကြိမ်တိုင်းအတွက် လူသားချင်းစာနာမှု ခုနစ်ရက်ကြာ အပစ်အခတ်ရပ်စဲရန် ကုလသမဂ္ဂက တောင်းဆိုထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Eaindrey Shin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သန်လျက်မော်(အနောက်)ရပ်ကွက်နေ အိန္ဒြေရှင်(ခ) အိန်လေးအား နံနက် ၉ နာရီတွင် မဟာအောင်မြေမြို့နယ် အမှတ်(၇)နယ်မြေစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၈၂၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ရေနွေးခွက်ဘူး ၂၉၉ လုံး အပါအဝင် ကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၀၅၀၀၀ ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၆၅၀၀၀)ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ လမ်းဆုံအနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီး၊ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၅၀၀၀၊ Ensure Gold Vanilla ဘူး ၃၆၀ ၊ Feline Pro ကြောင်စာ ၂၀ ကီလိုဂရမ်ပါ ၁၀ အိတ် အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၇၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus နှစ်စီးနှင့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း၊ ပဲခူးခရိုင်နှင့် ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၀၅၈ တန်နှင့် သစ်မာ ၁ ဒသမ ၀၇၂၆ တန်၊ အခြား သုည ဒသမ ၅၇၉ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၉၂၃၄ ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၄၉၄၂၃၄)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ဩဂုတ် ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Smile Tissue အထုပ် ၂၁၈၄၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၀၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truckတစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အိန္ဒိယနိုင်ငံထုတ်ဆေးဝါး Merosafe Powder for Injection ပိုးသတ်ဆေးဘူး ၁၉၃၈၀ အပါအဝင် ဆေးဝါးနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၅၄၇၃၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၃၅၅၃၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၅၀၄၅၃၄ ဖြစ်ကြောင်းတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၈-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (မင်္ဂလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ မြန်မာ့ရှေးဟောင်းပေ၊ ပုရပိုက်အကြောင်း သိမှတ်ဖွယ်ရာများ
- ၀၉:၂၀ ကာတွန်းအစီအစဉ် **'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း'** (အပိုင်း-၃)
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၃၀ 'Beautiful ASEAN' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၄၀ အသိပညာနှင့်အမှန်တရား
- ၁၂:၃၀ This Week's Special Interest
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဂန္ထဝင်ရုပ်ရှင် **'ငွေလှိုင်းဇာပေါ်မှာ'**
- ၁၆:၅၀ Sports Diary
- ၁၇:၀၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၂၀ Economic Review
- ၁၇:၃၅ မဟာဆန်တဲ့ယဉ်ကျေးမှုအမွေ...ကချင်ရိုးရာငွေပန်းတိမ်
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နှိုင်း'** (အပိုင်း-၃၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၅ ဘဝနှင့်အနုပညာ 'အမျိုးသားစာပေ တစ်သက်တာဆုရှင် ဒေါက်တာထွန်းတင့်' (အပိုင်း-၁)
- ၂၁:၄၅ ဆေးရောင်စုံရုပ်ရှင် **'ဘယ်ရပ်ဌာနေ'**

### mitv

- 07:01 Evergreen Classic: Parami Taw (Hnin Hnin Htoo)
- 07:08 International Art Collector Artist Tin Win (Beikthano)
- 07:33 Sayit-Wyne Girls
- 08:01 News
- 08:28 Myanmar's Traditional Ceramics
- 08:49 Lisu Village Resort
- 09:01 Myanmar Athelete Nyein Chan
- 09:24 Today Myanmar: The 365-Day Dawn Alms-Food Offering Association
- 09:33 Listening Pleasure, Instrumental Music (Myanmar Harp) Zeyatu Sabba Mingalan
- 09:45 Taung Byone Nat Festival (Ep-5)
- 10:01 News

### MRTV NRC

- **ဝ (၀၆:၀၀ မှ ၀၈:၀၀)** ကွမ်းရွက်စိုက်ပျိုးခြင်း
- **ကချင် (၀၈:၀၀ မှ ၁၀:၀၀)** ကချင်ပြည်နယ်ခရီးသွားမှတ်တမ်း
- **ကယား (၁၀:၀၀ မှ ၁၂:၀၀)** စံပယ်ပန်းလှလှလေးကပေးတဲ့ကျန်းမာရေး
- **ဝကေကာကရင် (၁၂:၀၀ မှ ၁၃:၀၀)** ငါးကင်မွှေးမွှေးလေးလုပ်စားကြမယ်
- **အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)** ကရင်တိုင်းရင်းသားလေးနှင့်ဖားစည်(ပုံပြင်)
- **အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)** မွန်မြတ်သဒ္ဒါကျောက်ကာလပ်စေတီသာ
- **ချင်း (လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)** ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မျောက်ငိုသီး
- **ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)** တောင်ပေါ်ရွာကလေးရဲ့စုပေါင်းဟုန်းထုငါးဖမ်းခြင်း
- **မွန် (၁၇:၀၀ မှ ၁၉:၀၀)** 'ဝ'ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့(အပိုင်း-၂)
- **ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)** သာယာရှုမောဖွယ်ရမ္မာမြေ
- **ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)** သဘာဝကျောက်စက်ပန်းဆွဲများရှိရာဝက်ဘာလိုဏ်ဂူ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၄၅ သုတပဒေသာစိုက်ပျိုးနည်းပညာ
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ Next Level
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ပကောင်းဆိုးဝါး'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၆)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ်ကြီးစားဖို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကိုရွေးချယ်စို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ ကျားလန်မပိုးတာတေတိုး(ဇာတ်လမ်း)
- ၂၃:၄၅ Small Farm Rising Family Farm Chores

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Weekly Sports Info
- ၀၇:၄၅ Weekend News
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးကာလတည်ဆောက်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး



လွိုင်ကော် ဩဂုတ် ၁၇

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် သိပ္ပံကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်သို့သွားရောက်၍ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားရိပ်သာများနှင့် ဆရာဆရာမဝန်ထမ်းအိမ်ရာများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ဆောင်ရွက်ရန် လိုအပ်သည်များ အမြန်ဆုံးပြန်လည်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားကာ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာ လှပရေးနှင့် ကျောင်းဥပဓိရုပ် ကောင်းမွန်စေရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သီရိမင်္ဂလာ(ယာယီ)ဈေးသို့ သွားရောက်၍ ဈေးအတွင်း ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပြည်သူများအား သက်သာသောနှုန်းထားဖြင့် စားသုံးဆီရောင်းချပေးနေသည့် အခြေအနေအား ကြည့်ရှုခဲ့ပြီး သတ်မှတ်နှုန်းထားအတိုင်း ရောင်းချနေမှုရှိ၊ မရှိနှင့် ဆီသုံးစွဲဝယ်ယူလျက်ရှိသော ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သီရိမင်္ဂလာဈေး အသစ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့သွားရောက်၍ ဈေးဆိုင်ခန်းတည်ဆောက်နေမှု၊ အုတ်မြစ်ချလုပ်ငန်း၊ သံထည်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်-ပွန်ချောင်း-ရှားတောမြို့အဝင် လမ်းမကြီးတစ်လျှောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ဝန်ထမ်းများပြန်လည်နေရာချနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နောင်ယား(က)ရပ်ကွက်ရှိ ခရစ်တော်ဘုရင်ဘုရားကျောင်းသို့ သွားရောက်၍ ဘုရားကျောင်းဝင်းအတွင်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့် ဆောင်ရွက်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားကျောင်းအဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မင်းလှမြို့နယ်တွင် ဆီထွက်သီးနှံအထူးဇုန်(၂) မိုးနှမ်းစံကွက်ရိတ်သိမ်း



မကွေး ဩဂုတ် ၁၇

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရုံးရပ်မြောက်ပိုင်းရပ်ကွက်တွင် ဆီထွက်သီးနှံ အထူးဇုန်(၂)ကွင်းအမှတ်(၈၄၀) ဦးပိုင်အမှတ် (၁/၂) တောင်သူဦးမြင့်ဝေ၏ ယာမြေ ၆ဒသမ ၆ ပေပတ်လည်၌ မိုးနှမ်းစံကွက်ရိတ်သိမ်းဆောင်ရွက်ခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

ဆီထွက်သီးနှံအထူးဇုန်(၂) မိုးနှမ်းစံကွက်ရိတ်သိမ်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင် ဦးဆောင်၍ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီနှင့် ကျေးရွာစိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ တောင်သူများ ပူးပေါင်း၍ မိုးနှမ်းစံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ မိုးနှမ်းစံကွက်ရိတ်သိမ်းခြင်းဆောင်ရွက်ရာတွင် တစ်ဧက ၁၁ ဒသမ ၂၅ တင်းထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

❖ ရန်ကုန်ယူနိုက်တက်မှ

ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း သုံးမိနစ်အကြာမှာပင် ရန်ကုန်ယူနိုက်တက်အသင်း ပင်နယ်တီပြန်ရပြီး ချေပဂိုးပြန်သွင်းနိုင်ခဲ့သည်။ ယင်းပင်နယ်တီကို ရန်ကျော်ထွေးက သွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက အနိုင်ဂိုးရရန် တိုက်စစ်မြှင့်လာပြီး ၅၂ မိနစ်တွင် ရန်ကျော်ထွေး၊ ၆၅ မိနစ်တွင် ဒေးဗစ်ထန်တို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်တိုက်စစ်မှူး ရန်ကျော်ထွေးက ရရှိသည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ခုနစ်ပွဲကစား ၁၇ မှတ်၊ အား/ကာသိပ္ပံအသင်းက ခုနစ်ပွဲကစား ကိုးမှတ် ရရှိထားသည်။

ပွဲစဉ် (၇) တတိယနေ့ကို ဩဂုတ် ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပုသိမ်ကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL

❒ MNL-2 မှ

တက်လှမ်းနိုင်ခဲ့သည်။ Chinland အသင်းမှာမူ မထင်မှတ်ဘဲ ဂိုးပြတ်အရေးနိမ့်ကာ ဒုတိယနေရာမှ ဖယ်ပေးခဲ့ရသည်။ ရာမညယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၃၇၊ ၇၀ မိနစ်တွင် ဆန်းမြင့်နိုင်၊ ၈၆ မိနစ်တွင် ဟိန်းထက်ဇော်ဝင်းတို့က သွင်းယူခဲ့ပြီး တတိယဂိုးမှာမူ ၈၃ မိနစ်တွင် Chinland အသင်းမှ သက်ကိုကို ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရာမညယူနိုက်တက်အသင်းမှ ဆန်းမြင့်နိုင်က ရရှိသည်။

ပွဲစဉ် (၄) အပြီးတွင် တက္ကသိုလ်အသင်းက ၁၀ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ရာမညယူနိုက်တက်အသင်းက ရှစ်မှတ်၊ ကချင်ယူနိုက်တက်အသင်းက ခုနစ်မှတ်၊ Chinland အသင်းက ခြောက်မှတ်၊ငွေကြယ်ပွင့်အသင်းက ငါးမှတ်၊ ရွှေပြည်သာယူနိုက်တက်နှင့် Glory Goal အသင်းတို့က လေးမှတ်စီရရှိထားကာ ဧရာဝတီရိန်းဂျားအသင်းမှာမူ လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ကိုညီလေး

ကုန်သွယ်/စီးပွား

## ဈေးကွက်အတွင်း ပဲတီစိမ်းအသစ်များ ဝင်ရောက်လျက်ရှိ

မိတ္ထီလာခရိုင်တွင် ပဲတီစိမ်းကို မိုး၊ ဆောင်းစိုက်ပျိုးကြသည့်အနက် ပဲတီစိမ်းကိုအများဆုံးစိုက်ပျိုးပြီး မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းလေးမြို့နယ်လုံး၌ စိုက်ပျိုးကြသည်။ ဆောင်းပဲတီစိမ်းကို သာစည်နှင့် ဝမ်းတွင်းမြို့နယ်များတွင်သာ စိုက်ပျိုးကြသည်။ မိုးပဲတီစိမ်းကို မေလ၊ ဇွန်လ မိုးဦးကျချိန်တွင် စိုက်ပျိုးကြပြီး ဩဂုတ်လဆန်းပိုင်းမှ စတင်ဆွတ်ခူးကြသည်။ မိုးပဲတီစိမ်းတစ်ဧကကုန်ကျစရိတ်မှာ ငွေကျပ် ၄၈၀၀၀၀ ကျော်ခန့်ရှိကြောင်း၊ ပဲတီစိမ်းအသစ်များစတင်ပေါ်ပြီး ဈေးကွက်အတွင်း စတင်ဝင်ရောက်လာ၍ ပဲတီစိမ်းသစ်တစ်တင်းလျှင် ငွေကျပ် ၇၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင် နှစ်ရာသီပေါ်ချိန်တွင် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၅၆၀၀၀ သာရှိခဲ့ပြီး ယခင်နှစ်နှင့် ယခုနှစ်ကာလတူနှိုင်းယှဉ်လျှင် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၁၆၀၀၀ ခန့် ဈေးနှုန်းမြင့်တက်လာကြောင်း၊ ဈေးကွက်အတွင်း ဝင်ရောက်လာသောပဲတီစိမ်းအသစ်များကို မန္တလေးမြို့သို့ အဓိကတင်ပို့ရောင်းချကြကြောင်း၊ ယခုအပတ်၌ ပွဲရုံများတွင် ပဲတီစိမ်းတင်း ၂၀၀ ခန့် ဝင်ရောက်လာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သီးနှံပွဲရုံများထံမှ သိရသည်။

## ကြက်သွန်နီ အဝယ်အေးလို့ ဈေးအေးလာ

မိတ္ထီလာဈေးကွက်တွင် ကြက်သွန်နီမှာ နယ်ဝေးဝယ်လက်များ အေးနေခြင်းကြောင့် ဈေးနှုန်းထပ်မံကျဆင်းကြောင်း သိရသည်။ မိတ္ထီလာဈေးကွက်မှ နယ်ဝယ်လက်ပုံမှန်ရှိသော ပဲခူးမှာ ရေကြီးမှုကြောင့် ဇူလိုင်လ နောက်ဆုံးပတ်မှစ၍ တင်ပို့မှုရပ်ဆိုင်းသွားပြီး ရန်ကုန်ဝယ်လက်မှာလည်း မိုးများနေသည့်အတွက် အဝယ်နည်းလာကြောင်း သိရသည်။ ပုံမှန်အားဖြင့် အခြားကုန်စည်များနှင့် ရော၍ ပဲခူးသို့ ခြောက်ဘီးကားဖြင့် တစ်ရက်လျှင် တစ်/ နှစ်စီး၊ ရန်ကုန်သို့ ၁၂ ဘီးကားဖြင့် ရက်သတ္တ တစ်ပတ်လျှင် နှစ်စီးမှ လေး/ ငါးစီးအထိ တင်ပို့လေ့ရှိသည်။ ယခုရက်ပိုင်းတွင်မူ ရန်ကုန်သို့ တစ်ပတ်အတွင်း ၁၂ ဘီးကား သုံးစီးခန့်သာ အခြားကုန်များနှင့် ရောနှောတင်ပို့ခဲ့ သည်။ မိတ္ထီလာဈေးကွက်အနေဖြင့် နယ်စပ်ဝယ်လက်ဖြစ်သည့် တာချီလိတ်သို့ ၁၂ ဘီးကားစီးလုံးဖြင့်လည်းကောင်း၊ အခြားကုန်များ နှင့်ရော၍လည်းကောင်း တင်ပို့ရာ ယခုဇူလိုင်လ နောက်ဆုံးပတ်၌လည်း ပုံမှန်တင်ပို့နိုင်ကြောင်း သိရသည်။ ဇူလိုင်လဆန်းတွင် နယ်စပ်ဝယ်လက်များဖြစ်သည့် မော်လမြိုင်၊ တာချီလိတ်တို့မှ ဝယ်လိုအားရှိခဲ့သည့်အတွက် ဒေသတွင်းအထိုင်ဈေးလက်ကား တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀-၁၉၀၀ ရှိခဲ့ရာ ယခုဇူလိုင်လကုန်တွင်မူ အဝယ်အေး၊ အရောင်းအေးသောကြောင့် တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀-၁၇၀၀ ဈေးရှိကြောင်း ဈေးကွက်မှ သိရသည်။

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ မိုးစပါးရာသီ စိုက်ဧက သိန်း ၂၀ ကျော် စိုက်ပျိုးပြီးစီး

မြန်မာနိုင်ငံ၏ စပါးကျီဟု တင်စားခေါ်ဝေါ်သည့် ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝမှ လက်ဆောင်ပေးထားသော ရေခံ/ မြေခံကောင်းမွန်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ နှစ်စဉ်မိုးစပါး စိုက်ဧက ၃၇ သိန်းကျော်နှင့် နွေစပါး စိုက်ဧက ၁၀ သိန်းကျော်နှင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ထွက်ရှိလာသော ဆန်/ဆန်ထွက် ပစ္စည်းများမှာ မိမိတို့ တိုင်းဒေသကြီးအတွင်း စားသုံးမှုဖူလုံရုံသာမက ပိုလျှံသည့် ဆန်/ ဆန်ထွက် ပစ္စည်းများကို ရန်ကုန်မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချမှုနှင့် ဆန်လိုအပ်သည့် အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့လည်း လစဉ်တင်ပို့ ရောင်းချလျက်ရှိသည်။

၂၀၂၄-၂၀၂၅ မိုးစပါးရာသီ၊ ဩဂုတ်လ ပထမပတ်အတွင်း ဧည့်မထအုပ်စု၊ ပေါ်ဆန်းအုပ်စု၊ ကောက်ညှင်းအုပ်စုအပြင် ဒေသနှင့်ကိုက်ညီမှုရှိသော စပါးမျိုးများကိုလည်း တိုင်းအတွင်း ခရိုင် ရှစ်ခု၊ မြို့နယ် ၂၆ မြို့နယ်တွင် စိုက်ဧက သိန်း ၂၀ ကျော် စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှု

**စစ်တွေ ဩဂုတ် ၁၇**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ ပြည်နယ်လမ်းဦးစီးဌာနရုံး၊ ခရိုင်နှင့်မြို့နယ်ရုံးများတွင် ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။ ထိုသို့လှည့်လည်ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က ရုံးပတ်ဝန်းကျင်သန့်ရှင်းသာယာရေး၊ ဝန်ထမ်းများ စည်းစည်းလုံးလုံးဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ရေးတို့ကို ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ၌ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုရာ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးက ဝန်ထမ်းအိမ်ရာ သန့်ရှင်းသာယာရေးအတွက် သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် အိမ်ရာအတွင်း ဝန်ထမ်းများနေထိုင်နေမှုတို့ကို လိုက်လံရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဝန်ထမ်းများက စွန့်ပစ်အမှိုက်များ ကောက်ယူသိမ်းဆည်းခြင်း၊ မြက်ပင်များ၊ ပေါင်းပင်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြသည်။ ထို့ပြင် ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များကို ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးဖြစ်စဉ်များကြောင့် မြို့နယ်များမှ စစ်တွေမြို့တွင် ယာယီခိုလှုံလျက်ရှိသည့် တိုက်ပွဲရှောင်ဝန်ထမ်းများက မြို့နယ်အလိုက်ရုံးဖွင့်လှစ်ကာ တာဝန်ထမ်းဆောင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဇမ္ဗူသီရိမြို့နယ် အလျှင်လိုကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေမှု စစ်ဆေး

**ဇမ္ဗူသီရိ ဩဂုတ် ၁၇**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ရရှိစေရန် ရည်ရွယ်၍ အလျှင်လိုကျေးရွာတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။



**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် အလျှင်လိုကျေးရွာတွင် အကျယ်လေးလက်မ၊ အနက် ပေ ၃၅၀ ရှိ အဝီစိစက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း၊ ရေပိုက်သွယ်တန်းခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အလျှင်လိုကျေးရွာတွင် အဆိုပါ ကျေးလက်ရေရရှိရေး လုပ်ငန်းကို နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၇၂၇ သန်းကို အသုံးပြုကာ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်းကာ ယခုနှစ် ဧပြီလ စတုတ္ထပတ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး၏ ၆၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

 JJJ



# သံဖြူဇရပ်မြို့နယ် ကျိုက်ဇေယျသုခ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**သံဖြူဇရပ် ဩဂုတ် ၁၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်စေရေးအတွက် ယနေ့နံနက် ၇ နာရီမှစတင်၍ အောင်သာယာရပ်ကွက်ရှိ ကျိုက်ဇေယျသုခစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးကို နယ်မြေခံ လေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ထွန်းနိုင်ဦး၏ ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့်အဖွဲ့ဝင်များ၊ သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမိုးမြင့်နှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စာရေးများ စုပေါင်း၍ ကျိုက်ဇေယျသုခစေတီတော်မြတ်ကြီး၏ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၉၀ | ၃၀၇၀ | ၃၀၄၅ | ၃၀၀၀ | ၃၀၇၅ | ၃၀၈၅ | ၃၁၀၀ | ၃၀၅၅ | ၃၁၈၀ | ၃၂၁၀ | ၃၀၆၀ | ၃၀၇၅ | ၃၁၁၀ | ၃၀၉၅ | ၃၁၁၀ | ၃၅၁၅ | ၆၁၀၀ |
| 95 Ron | ၃၁၄၀ | ၃၂၂၀ | ၃၁၉၅ | ၃၁၅၀ | ၃၂၂၀ | ၃၂၃၅ | ၃၂၄၅ | ၃၂၀၀ | ၃၃၂၅ | ၃၃၅၅ | ၃၂၁၀ | ၃၂၂၅ | ၃၂၅၅ | ၃၂၄၅ | ၃၂၆၀ | ၃၆၆၀ | ၆၃၀၀ |
| HSD (500 ppm) | ၂၆၂၀ | ၂၇၀၀ | ၂၆၇၅ | ၂၆၃၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၂၅ | ၂၆၈၀ | ၂၈၀၅ | ၂၈၃၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၃၅ | ၂၇၂၅ | ၂၇၃၅ | ၃၁၄၀ | ၆၁၀၀ |
| HSD (50 ppm) | ၃၂၁၀ | ၃၂၉၀ | ၃၂၆၅ | ၃၂၁၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၁၅ | ၃၂၇၀ | ၃၃၉၅ | ၃၄၂၅ | ၃၂၈၀ | ၃၂၉၅ | ၃၃၂၅ | ၃၃၁၅ | ၃၃၂၅ | ၃၇၃၀ | ၆၁၀၀ |
| HSD (10 ppm) | ၃၂၁၀ | ၃၂၉၀ | ၃၂၆၅ | ၃၂၁၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၁၅ | ၃၂၇၀ | ၃၃၉၅ | ၃၄၂၅ | ၃၂၈၀ | ၃၂၉၅ | ၃၃၂၅ | ၃၃၁၅ | ၃၃၂၅ | ၃၇၃၀ | ၆၁၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၃၄ | ၂၉၂၄ |
| 95 Ron | ၂၉၇၈ | ၃၀၇၁ |
| HSD (500 ppm) | ၂၄၇၄ | ၂၅၅၃ |
| HSD (50 ppm) | ၃၀၄၅ | ၃၁၃၅ |
| HSD (10 ppm) | ၃၀၄၅ | ၃၁၃၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

### ❍ မန်ယူအသင်းမှ

မန်ယူအသင်းဟာ ဂျိုရှူယာဇာဇီးကို ဘိုလော့ဂ်နာအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၃၆ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး ဇာဇီးအနေနဲ့ မန်ယူအသင်းနဲ့ ရာသီအစ၊ ကစားသမားဘဝအစမှာ အဖွင့်ဂိုးနဲ့ အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့တဲ့ ကစားသမားလည်း ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

ပရီမီယာလိဂ်ပွဲစဉ်(၁)ရဲ့ ဩဂုတ် ၁၇ ရက်ညပိုင်း အစောဆုံးပွဲစဉ်ဖြစ်တဲ့ အစ်ဆွစ်အသင်းနဲ့ လီဗာပူးအသင်းတို့ ပွဲစဉ်မှာတော့ လီဗာပူးအသင်းက အစ်ဆွစ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အစ်ဆွစ်အသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် မိနစ် ၆၀ မှာ ဂျိုတာနဲ့ ၆၅ မိနစ်မှာ မိုဟာမက်ဆာလာတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

# ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကျင်းပ



ပဲခူး ဩဂုတ် ၁၇

၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၁၆ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အထက်တန်းအဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယ ဆုရရှိသူများအား လည်းကောင်း၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အလယ်တန်းအဆင့် ပထမ၊ ဒုတိယ နှင့် တတိယ ဆုရရှိသူများအား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ကျောင်းသား ကျောင်းသူလေးများ၏ "ကျန်းမာကြံ့ခိုင်စေဖို့ တစ်ကိုယ်ရေသန့်ရှင်းကြစို့" သီချင်းဖြင့် ဖျော်ဖြေမှု၊ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုမှတ်တမ်း ဗီဒီယိုကလစ်နှင့် ကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ဗီဒီယိုကလစ်တို့ကို ကြည့်ရှုအားပေးသည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ကျောင်းကျန်းမာရေး သရုပ်ပြ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ၎င်းနောက် အသက် (၅) နှစ်အောက် ကလေးငယ်များအား ဗီတာမင်အေ ဆေးလုံးများ တိုက်ကျွေးခြင်း၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းအပြင် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၂)နှစ်အောက် နို့တိုက်မိခင်များအား ဗီတာမင်ဘီဝမ်းနှင့် အဏုအာဟာရဆေးပြားများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရ သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ် ကဒက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ပထမအကြိမ်ထုတ်ချေး

ထန်းတပင် ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျူတောကျေးရွာအုပ်စု ကဒက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ပထမအကြိမ် ထုတ်ချေးပေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းထုတ်ချေးပေးသည်။



ဦးစွာ ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်က ကဒက်ကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူအသင်းသားများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကဒက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသူ အသင်းသား ၆၇ ဦးအား ပထမအကြိမ် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် အသင်းသူ အသင်းသားများ၏ တစ်ဦးချင်း လက်ဝယ်အရောက်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

JJJ

## မယ်ဆိုင်ချောင်းရေ ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၇

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာအုပ်စု)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂ ဒသမ ၈၀ ပေ (၃၉၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

## စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၇

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ)အထက်သို့ ပေဝက်ခန့် (၁၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

## ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

၃။ အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများပြုလုပ်ပါ။



၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။



၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



## ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။

၂။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။



၃။ ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများမစားပါနှင့်။



၄။ ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိုးနဲမြို့နယ် ဟော်နန်းနှင့် လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး


ပြည်နယ်ဝန်ကြီးချုပ်က လမ်းများ သတ်မှတ်စံချိန် စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအချိန်မီပြီးစီးရေး သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မိုးနဲ ဩဂုတ် ၁၇**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက နမ့်စန်ခရိုင် မိုးနဲမြို့နယ် မိုးနဲ ဟော်နန်းသို့ရောက်ရှိပြီး မြို့နယ်သမဝါယမအစည်းအဝေးခန်းမ နေရာ၌ ဟော်နန်းနှင့်ဆက်စပ်သော ဌာနဆိုင်ရာများ၊ ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် ရှမ်းစာပေနှင့်ယဉ်ကျေးမှု အသင်းမှ ဦးစိုင်းမောင်ကြီးနှင့် မြို့မိမြို့ဖ ဦးစိုင်းမျိုးသန့်တို့က ဟော်နန်းတည်ရှိမှုနှင့်သမိုင်းကြောင်းကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ရှေးဟောင်းအဆောက်အအုံဖြစ်သည့်အတွက် တာဝန်ရှိသူများက ဆက်လက်ထိန်းသိမ်းပေးကြရန်နှင့် ပျက်စီးနေသော အပိုင်းများကို ပြည်လည်ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဟော်ဝင်းအတွင်းရှိ မိုးနဲဟော်၊ မာလိန်တိုင်နှင့် ကြေးနွားရုပ်တို့ကို ကြည့်ရှုခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် (ပြည်ထောင်စုလမ်း) မိုင်တိုင်အမှတ် (၃၆/၇) ရှင်းလင်းဆောင်နေရာ၌ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် မူလလမ်းအကျယ် ၁၂ ပေမှ ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသူရဇော်က ရှင်းလင်းတင်ပြခဲ့ရာ



# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား / အမျိုးသမီး) ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

**အကြိတ်အနယ်ယှဉ်ပြိုင်ကစား**

ယနေ့ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ (အမျိုးသား)ကွာတားဖိုင်နယ် ပြိုင်ပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ငါးဂိုး- နှစ်ဂိုးဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ရှစ်ဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ငါးဂိုး - နှစ်ဂိုးဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ခြောက်ဂိုး - နှစ်ဂိုးဖြင့်လည်းကောင်း၊ (အမျိုးသမီး)ကွာတားဖိုင်နယ် ပြိုင်ပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ခုနစ်ဂိုး- ခြောက်ဂိုးဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဩဂုတ် ၁၈ ရက် နံနက် ၈ နာရီမှ စတင်၍ ဖူဆယ်အားကစားရုံ၌ (အမျိုးသမီး) ဆီမီးဖိုင်နယ် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ (အမျိုးသား) ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ ဖူဆယ်အားကစားကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ဘောင်များခိုင်ခံ့ရန်အတွက် ကန်ဘောင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ဘောင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများ ဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာ များတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၃၄၆)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ **ဒေါ်မြစန်း(MUN-၁၁၅၉၂၂)**အမည်ပေါက် တရားဝင်မခွဲစိတ်ရသေးသော နှစ်(၆၀)မြေငှားဂရန်မြေကွက်ကြီး၏(လမ်းမှ မြေကွက်အားမျက်နှာမူလျှင်ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မိုးမခလမ်း၊ (၄၆)ရပ်ကွက်၊ အမှတ်(၃၄၆/ခ)ဟုခေါ်တွင်သည့်နေအိမ် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်ထွန်း (ကွယ်လွန်)၏ တရားဝင်ဇနီးမယားဖြစ်သူ **ဒေါ်မေသစ် [၁၂/ကမရ(နိုင်)၀၁၄၃၅၀]** မှ ၎င်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ခွင့်လွှဲပြောင်းရောင်းချခွင့်အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်သရဖီစိုး [၁၂/မဂဒ(နိုင်)၁၁၀၇၄၅]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မင်းသူနိုဖြိုး(စဉ်–၁၂၈၄၆)** **[တရားလွှတ်တော်ရှေ့နေ]** **[LL.B,D.I.P.L,DL–101 WIPO(Switzerland)]**

**ဒေါ်စုစုမွန်(စဉ်–၁၃၄၉၆)** **[တရားလွှတ်တော်ရှေ့နေ]** **[LL.B,D.B.L,D.I.L,D.I.P.L,DL–101 WIPO(Switzerland)]**

**အမှတ်–၃၀၂(၁၂+၁) Parami Condominium၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၉၆၆၄၅၅၇၊ ၀၉–၇၈၁၅၃၅၈၂၄၊ ၀၉–၅၀၄၉၁၇၄**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်ကြင်းလမ်းသွယ်၊ မြေကွက်အမှတ် – ၄၆၇(က)ဟု ခေါ်တွင်သော အကျယ်အဝန်း(၂၀x၆၀)ပေ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလပိုင်ရှင် ဦးကျော်မြင့်ဆိုသူထံမှ ကျွန်ုပ်မိတ်ဆွေ ဦးမောင်ကို [၁၂/အစန(နိုင်)၁၃၅၈၅၀]၊ ဦးမောင်ဦး(ခ)ဦးကိုကိုလေး [၁၂/အစန(နိုင်) ၁၀၅၆၁၄]၊ ဒေါ်မေမေသန်း[၁၂/အစန(နိုင်) ၁၃၃၃၅၀]၊ ဒေါ်အေးအေးဝင်း [၁၂/အစန(နိုင်)၀၁၂၁၄၆]၊ ဒေါ်ချိုချိုထွေး [၁၂/အစန(နိုင်) ၁၆၈၇၈၁] ကိုင်ဆောင်သူများ၏ ဖခင်ဦးသန်းဌေးမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ ဦးသန်းဌေး ကွယ်လွန်ပြီးနောက်ပိုင်း ယနေ့အချိန်ထိ ၎င်း၏ တရားဝင်အမွေဆက်ခံခွင့်ရှိသူ ကျွန်ုပ်မိတ်ဆွေများမှ လက်ရှိ ထားပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ အဆိုပါအိမ်ခြံမြေနှင့် ပတ်သက်သော ဦးသန်းဌေးဝယ်ယူထားသည့် အရောင်းအဝယ် စာချုပ်နှင့် အိမ်ခြံမြေပိုင်ဆိုင်မှု အထောက်အထားများသည် ပျောက်ဆုံးလျက်ရှိပါသည်။ ထို့ကြောင့် အဆိုပါအိမ်ခြံမြေအား ကျွန်ုပ်မိတ်ဆွေများမှသာ တရားဝင်ပိုင်ဆိုင်ခြင်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်ကို၊ ဦးမောင်ဦး(ခ)ဦးကိုကိုလေး ဒေါ်မေမေသန်း၊ ဒေါ်အေးအေးဝင်း၊ ဒေါ်ချိုချိုထွေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နှင်းဝေအောင်(LL.B,D.B.L)**

**တရားလွှတ်တော်ရှေ့နေ (လိုင်စင်အမှတ်–၁၀၇၄၅)**

**အမှတ်–၁၀၆၉၊ အောင်ဇေယျလမ်း၊ (၁၉)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၄၂၅၂၉၂၉၂၃**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၄)ရပ်ကွက်၊ ယမနေလမ်း၊ မြေကွက် အမှတ်(၆၄၆)၊ (၄၀ပေ x ၆၁ပေ)၊ (၂၄၄၀)စတုရန်းပေ၊ (၀.၀၅၆)ဧကအကျယ်ရှိ နှစ်(၆၀)မြေငှားဂရန် မြေအမျိုးအစားမြေကွက်သည် ဦးခင်မောင်(CF–၀၅၉၀၈၂)ကဂရန်အမည်ပေါက်ပြီး ယင်းမြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းဘက်ခြမ်း (၂၀ပေx၆၁ပေ) အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဒေါ်စန်းစန်းမြင့် [၁၂/ဥကမ(နိုင်)၀၈၃၈၃၇] က ဂရန်အမည်ပေါက်ထံမှအဆက်ဆက် အရောင်း အဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ဝယ်ရရှိ ပိုင်ဆိုင်ထားကာ မြေကွက်နှင့်နေအိမ်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့်နေအိမ်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက် နှင့်နေအိမ်တို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟုအဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစွမ်းထက်ပိုင်** **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၂၀၆)** **LL.B, DBL, DIL, MA(Business Law)** **ဖုန်း–၀၉–၄၃၀၉၄၆၇၂**

**ဒေါ်ပိုးဇာနည်ဝင်း** **အထက်တန်းရှေ့နေ (စဉ်–၅၀၅၉၅)** **LL.B** **ဖုန်း–၀၉–၇၉၉၈၉၀၄၉၂**

**တိုက်(၁၄)၊ အခန်း (B–1/B–2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၅)ရပ်ကွက်၊ စောလှဘော်လမ်း၊ မြေကွက်အမှတ်(၆၆၀)၊ (၄၁ပေ x ၆၀ပေ)၊ အကျယ်ရှိ နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့်အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဒေါ်ပိုပိုမြင့် [၁၂/ဥကတ(နိုင်) ၀၅၇၇၅၆၀] က ဂရန်အမည်ပေါက်လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ ယင်းမြေကွက်၏ တရားဝင် မခွဲမစိတ်ရသေးသော ခြေရင်းဘက်ခြမ်း (၂၀ပေx၆၀ပေ)အကျယ်ရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစွမ်းထက်ပိုင်** **LL.B, DBL, DIL, MA(Business Law)** **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၂၀၆)** **ဖုန်း–၀၉–၄၃၀၉၄၆၇၂**

**ဒေါ်ပိုးဇာနည်ဝင်း** **LL.B** **အထက်တန်းရှေ့နေ (စဉ်–၅၀၅၉၅)** **ဖုန်း–၀၉–၇၉၉၈၉၀၄၉၂**

**တိုက်(၁၄)၊ အခန်း (B–1/B–2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ကျော်လင်း[၁၂/ဥကမ(နိုင်)၂၀၂၉၉၃] သည် Passport,C.D.C,BST,SSA/DSD,PSCRB, TANKER,II/4,EDH အစရှိသည့် လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၉၅၅၄၀၁၆၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)အနော်မာရပ်ကွက်၊ အနော်မာအရှေ့(၇) လမ်း၊ တိုက်အမှတ် (၃၁၁/က)၊ (ပထမ)လွှာ၊ (၁၈ပေ x ၅၄ပေ) မြောက်ဘက်လှည့် တိုက်ခန်း (၁) ခန်းနှင့် ရေမီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးသက်နိုင်၏သားများဖြစ်သော ဦးဇော်ဝင်းထိုက်၊ ဦးကျော်ကျော်လှိုင်၊ ဦးကျော်ဇင်ဝင်း တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးသက်နိုင်ဝင်း [၁၂/တတန(နိုင်)၁၂၃၄၄၁] က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးနေနိုင်ဦး (LL.B,DBL)** **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၉၃၆)**

**ဒေါ်နေဇာမျိုးဆွေ (LL.B,CBL)** **အထက်တန်းရှေ့နေ(စဉ်–၅၆၃၂၅)**

**အခန်းအမှတ် (A–14)၊ အမှတ် (၅၀)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၇၁၁၇၁၉၈၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၂၀၊ ရောဝတီပတ်လမ်း၊ ၆/၁၁ ရပ်ကွက်၊ မြေကွက်အမှတ်–၉၇(ခ)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့်အိမ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဦးကြည်ဝင်း(ISN–၅၉၂၉၇၂) အမည်ဖြင့် မှတ်သားတည်ရှိ၍ ၎င်း၏တရားဝင်အမွေဆက်ခံခွင့်ရှိသော သားဖြစ်သူ ဦးဝေလင်းထက် [၁၂/အစန(နိုင်)၂၄၆၈၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ကြည်ကြည်ထွေး(LL.B,D.B.L)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၀၀)**

**အမှတ်–၁၆(ခ)၊ ရန်ကုန်လမ်း၊ ၆/၉ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၀၅၈၅၅၃၊ ၀၉–၇၉၉၄၆၆၉၅၄**

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၄ )**

**တွံတေးခရိုင်တရားရုံးတော်၌**

**၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်– ၁၇**

**ကွယ်လွန်သူ ဒေါ်အေးချမ်း၏ကျန်ရစ်သော ကြွေးမြီများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်(ယခင် ရန်ကုန်တောင်ပိုင်းခရိုင်)၊ ကွမ်းခြံကုန်းမြို့၊ ကံကြီး/မကြီး ရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ်–၄၉၅ ၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်အေးချမ်း၏ ကျန်ရစ်သော ကြွေးမြီများအပေါ်၌ အမွေဆက်ခံရန်လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်လှဝင်းက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှု ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်အေးချမ်း၏ ကျန်ရစ်သောကြွေးမြီများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ ရက်နေ့၌ မိမိတို့ကိုယ်တိုင် သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၄ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်လှဝင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်တင့်မော်)**
**ခရိုင်တရားသူကြီး**
**တွံတေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(738/က)၊ ချယ်ရီလမ်း၊ (၂၀'x၆၀') ပါမစ်မြေအမျိုးအစား၊ ရေ၊ မီး၊ မီတာပါ မြေကွက်နှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးကျော်နိုင် [၉/ပဘန(နိုင်)၁၅၁၆၄၇]ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းညိုညိုစံ**
**[၁၂/ကမရ(နိုင်)၀၄၀၃၆၂]**
**ဖုန်း–၀၉–၄၃၀၈၂၃၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၆၂/ကံဘဲ့၊မြေကွက်အမှတ်၂၈/ခ၊ဧရိယာ(၀.၁၇)ဧက၊မြေကွက်တည်နေရာအမှတ်(၅/က)၊ကန်ရိပ်သာလမ်း၊(၁၀)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ဒေါ်စန်းနွဲ့(LPN–၀၀၈၁၄၇)အမည်ပေါက်မြေပိုင်မြေလ/န–၃၉(အိမ်ယာမြေသတ်မှတ်)မြေအားအမည်ပေါက်ဒေါ်စန်းနွဲ့ကိုယ်တိုင်မှအမည်ပေါက်အရောင်းအဝယ်စာချုပ်အမှတ်–၈၄၁/၁၉၉၅(၁၅–၅–၁၉၉၅)မိတ္တူမှန်၊နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍မြေတိုင်းလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၃၇၊ ၃၀၆၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၃၇)၊ စက္ကဝတ်(၃)လမ်း၊ (ဈ)ရပ်ကွက်၊ ဒေါ်ကြည် [၁၂/ဥကမ(နိုင်)၀၆၀၅၅၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်– ဒေါ်ကြည်(မိခင်)သည် (၁၃–၇–၁၉၉၈)ရက်နေ့တွင်လည်းကောင်း၊ ဦးမောင်ဦး(ဖခင်)သည် (၃၀–၁–၁၉၉၁) ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့သဖြင့် ဒေါ်ခင်လှမူ [၁၂/ဥကမ(နိုင်)၁၀၂၇၄၇]၊ ဒေါ်ခင်ညိုထွေး [၁၂/ဥကမ(နိုင်)၀၂၁၄၉၅]တို့မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်သည့် သမီး(၂)ဦးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်–၅၃၁/၂၀၂၄/၁၅–၅–၂၀၂၄၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၇၊ မြေကွက်အမှတ်–၁၂၄၊ မြေကွက်တည်နေရာအမှတ်(၁၂၄)၊ စံပယ်လမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးတင်ဝင်း BQ–၀၁၃၈၉၀) အမည်ပေါက် နှစ်(၆၀)မြေငှား စာချုပ်(ဂရန်)မြေအား အမည်ပေါက် (ခင်ပွန်း) ဦးတင်ဝင်း ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်နီနီ[၁၂/အစန(နိုင်)၀၀၃၄၃၅] (ISN–၀၅၃၃၉၂)မှ မိမိသာလျှင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း မိမိမှလွဲ၍ အခြားသောဇနီးမယားမရှိပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ မိမိသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ (ခင်ပွန်း)ဦးတင်ဝင်း၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ဂရန်၊ နိုင်/ကတ်တို့တင်ပြ၍ ပိုင်ဆိုင် ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိ ပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ တိုက်အမှတ် (၃၁)၊ (၇–လွှာ)၊ အကျယ်အဝန်း (၂၈ x ၅၀) ပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဦးစောကိုကိုအောင် [၁၂/ဒဂတ(နိုင်)၀၃၁၉၁၅] မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မြင့်မြင့်သန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၇၆၆)**

**အမှတ်(A–3/A)၊အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း–၀၉–၄၅၄၁၅၃၄၇၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ပြည်သာယာလမ်းသွယ်(၃)၊ အမှတ်(ခ/၉၃)၊ UBC Condo Tower(B)၊ Level–2၊ တိုက်ခန်းအမှတ်(၂၀၁)၊ တိုက်ခန်းဧရိယာ (၈၃၄) စတုရန်းမီတာ၊ ကားပါကင် (၁)စီးစာနှင့် တိုက်ခန်းအတွင်းရှိ အိမ်ထောင်ပရိဘောဂအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်မောင်မြင့် [၁၂/ဥကတ(နိုင်)၀၁၁၅၁၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသောင်းထိုက်အောင် [၉/အမဇ(နိုင်)၀၁၇၆၂]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာစာပါသည့် နေ့ရက်မှစ၍ (၅)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားမှုအရ**

**ဒေါ်ဖြိုးဝေဝင်း (LL.B, D.B.L)** **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၇၂၅)**

**ဦးပြည့်ဖြိုးသူ (LL.B)** **အထက်တန်းရှေ့နေ (စဉ်–၄၆၁၄၀)**

**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၂၄၄၉၈၆၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၃ရပ်ကွက်၊ ၉လမ်း၊ အမှတ်–၁၆၈နေ ဒေါ်အေးမြမိုး[၁၂/ကမတ(နိုင်) ၀၂၀၅၀၀]၏ သား မောင်ရဲခေါင်ကျော် [၁၂/ကမတ(နိုင်) ၀၆၈၈၀၃]သည် မိခင်၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကို ပြုလုပ်နေသောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဒေါ်အေးမြမိုး [၁၂/ကမတ(နိုင်)၀၂၀၅၀၀]**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၇) ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်–၂၅၃/၂၅၇၊ ၇–လွှာ(ဘီ) ဟုခေါ်တွင်သည့် ကွန်ဒိုတိုက်ခန်းကို တာဝန်ယူဆောက်လုပ်သူ အဏ္ဏဝါမင်းဆောက်လုပ်ရေးကုမ္ပဏီထံမှ ဝယ်ယူလက်ရောက်ရ ပိုင်ဆိုင်လာသူ ဦးလှဝင်းထွန်း [၁၂/အစန(နိုင်)၁၅၇၅၀၆]၊ ဒေါ်အေးမြင့် [၁၂/ပဘတ(နိုင်)၀၁၁၇၀၄]တို့ထံမှ အပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများတင်ပြ၍ ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် စေ့ရောက်ကုန်ဆုံးပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးစိုးဝင်း (မအူပင်) B.A, H.G.P, R.L**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၄၁၇၈)**

**အမှတ်–၁၆၂၊ ပထမထပ် (ယာ)၊ ၃၅–လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၆၉၅၁၈**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ အနော်မာ (၂) လမ်း၊ တိုက်အမှတ် (၅၀)၊ တတိယထပ်၊ (၃)လွှာ (ခေါင်းရင်းခန်း)နှင့် စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

အထက်ပါဖော်ပြပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်ယဉ်မူယာ [၁၂/ဥကတ (နိုင်) ၁၅၇၉၄၁]** ၏ ခင်ပွန်း **ဦးသန်းနိုင်က ဦးတင်ဝေ**ထံမှ (၃–၆–၂၀၁၅) ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သည့် အခန်းဖြစ်ပြီး ဦးသန်းနိုင်သည် (၁၆–၇–၂၀၂၁) ရက်နေ့တွင် ကွယ်လွန်သွားခဲ့ရာ ၎င်း၏ဇနီးဖြစ်သူ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ယဉ်မူယာက အမွေဆက်ခံပိုင်ဆိုင်သည့်အပြင် ယနေ့တိုင် လက်ရှိထားအသုံးပြုနေသော တိုက်ခန်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဦးချမ်းမြေ့လင်း** **(LL.B)** **(စဉ်–၁၃၀၉၄)**

**ဦးဝင်းဆွေ** **(LL.B, D.B.L)** **(စဉ်–၁၄၆၁၂)**

**(တရားလွှတ်တော်ရှေ့နေများ)**

**အမှတ်(၈၃/၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09–448004812**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးဖြစ်သူက ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ဇောတိကလမ်း မြေတိုင်းရပ်ကွက်အမှတ်-29-B2 ၊ မြေကွက်အမှတ် (၃၈)၊အဆောက်အအုံအမှတ်-၁၂ တွင် ဆောက်လုပ်ထားသော ၆ ½ (Hall)တိုက် အဆောက်အအုံရှိ မြေညီထပ်+ထပ်ခိုးပါ(Hall)အကျယ်အဝန်း-(၂၈x၅၈)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၏ ဥပဒေရေးရာ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသည်ဟု အဆိုရှိသူ ဦးထွန်းရွှေ (ဘ) ဦးစိုးမောင် [၁၂/စခန(နိုင်)၀၁၅၅၈၀]ထံ စရန်ငွေအချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက် အထားများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်နေ့တိုင် ကန့်ကွက်သူမရှိပါက ကျန်ရောင်းဖိုးငွေများ ပေးချေလျက် အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်လှိုင် (LL.B., D.B.L.)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၄၇ )**
**အမှတ်(၅၁၉)၊ ပန်းခြံစုဗဟိုလမ်း၊ (၂၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၂၄၉၄၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်ရပ်ကွက်မှ မြေဧရိယာ(၀.၀၈၂)ဧကရှိ ဦးအောင်ဘိုဘို မှတ်ပုံတင်အမှတ်[၁၀/ကမရ(နိုင်)၀၈၀၂၈၈]၊ အဖအမည် ဦးရဲစိန် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၂၀)ကို နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၄၄/၂၀၂၃(၉-၅-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်အိအိမွန်၊ မှတ်ပုံတင်အမှတ် [၁၃/တကန(နိုင်)၂၅၁၀၇၂] အဖအမည် ဦးအောင်မင်းမှ ဦးအောင်မင်း မှတ်ပုံတင်အမှတ် [၁၃/တကန(နိုင်)၀၈၂၇၇၄] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်ရပ်ကွက်မှ မြေဧရိယာ(၀.၀၈၂)ဧကရှိ ဦးအောင်ဘိုဘို မှတ်ပုံတင်အမှတ်[၁၀/ကမရ(နိုင်)၀၈၀၂၈၈]၊ အဖအမည် ဦးရဲစိန် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၁၉)ကို နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၄၄/၂၀၂၃(၉-၅-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်အိအိမွန်၊ မှတ်ပုံတင်အမှတ် [၁၃/တကန(နိုင်)၂၅၁၀၇၂] အဖအမည် ဦးအောင်မင်းမှ ဦးအောင်မင်း မှတ်ပုံတင်အမှတ် [၁၃/တကန(နိုင်)၀၈၂၇၇၄] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေး ပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၄/A၊ မြေကွက်အမှတ်- ၁၆၊ ၁၅/၁၊၁၇/၁၊ ဧရိယာ(၁၅.၄၃၅)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၆၊ ၁၅/၁၊ ၁၇/၁၊ အမှတ်(၃)လမ်းမကြီး၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ဦးရှိန်ဝင်း[၁၂/ဒဂန(နိုင်)၀၂၁၇၇၆]၊ လောင်မင်တိတ်(ခ)ဦးအောင်ရွှေ [၁၂/ပဘတ(ဧည့်)၀၀၀၃၃၈]အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးရှိန်ဝင်း၊ လောင်မင်တိတ်(ခ)ဦးအောင်ရွှေတို့ထံမှ အထူးကိုယ်စားလှယ် လွှဲစာအမှတ်- ၂၁၃၀၃/၂၃( ၃-၁၀-၂၀၂၃ )ဖြင့် SP ရရှိသူ ဒေါ်ဖြူလှရင် [၉/မမန(နိုင်)၀၈၀၅၉၀]မှ မြေငှားစာချုပ်ဂရန်၊ အထူးကိုယ်စားလှယ်လွှဲစာ၊ မိမိအား ကိုယ်စားလှယ်လွှဲအပ်ထားသူများသည် ယနေ့တိုင် သက်ရှိထင်ရှား ရှိနေကြပါကြောင်းနှင့် အဆိုပါ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကိုလည်း ပြန်လည်ရုပ်သိမ်းခြင်း မပြုကြသေးသည်မှာ မှန်ကန်ကြောင်း ကျောက်တံတား ခရိုင်တရားရုံး၏ (၁၄-၆-၂၀၂၄)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်-၅၅၁/၂၀၂၄ တို့ တင်ပြ၍ (၂၄-၇-၂၀၂၄)ရက်စွဲပါစာဖြင့် (၇-၉-၂၀၂၃)ရက်နေ့က လျှောက်ထား ထုတ်ယူခဲ့သော အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မှတ်ချက်ပါသည့် မြေပုံမြေရာဇဝင်မူရင်းမှာ အသုံးပြုခဲ့ရခြင်းလုံးဝမရှိဘဲ အထားအသို မှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း၊ နှစ်(၆၀)ဂရန်မူရင်းမှာလည်း လက်ဝယ်ရှိပါကြောင်း၊ အထက်ပါမြေကွက်နှင့် မြေပုံမြေရာဇဝင်မူရင်းတို့အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း နှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါကလည်း မိမိအပေါ်တွင် တာဝန်ရှိပါကြောင်းနှင့် မိမိကသာ တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ပါကြောင်း လသာမြို့နယ် တရားရုံး၏ ( ၁၂-၇-၂၀၂၄)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်-၇/၇၈၈/၂၀၂၄ တို့ တင်ပြ၍ မြေတိုင်း နှင့် မြေကွက်ခွဲစိတ်ရန် မြေပုံကူးတို့ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ လူနေရပ်ကွက်အမှတ်-မြကန်သာ၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ ၁၁(ကမာရွတ်)၊ မြေကွက်အမှတ်-၁၇၂ + ၁၇၃၊ ဧရိယာ(၀. ၂၄၈)ဧက အကျယ်အဝန်းအားဖြင့်(၁၀၈၂၃) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်မြို့နယ်၊ ၅-ရပ်ကွက်၊ ကံ့ကော်လမ်းနှင့်ကံ့ကော်(၆)လမ်းထောင့်၊ အမှတ်- R 56/ R 58 ဟုခေါ်တွင်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ **ဦးဝင်းတီ [၇/ပခန(နိုင်)၁၄၀၅၄၉]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင် ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာ ပါသည့်နေ့မှ ( ၁၄ )ရက် အတွင်း ကျွန်ုပ် ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြော်ငြာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၄၀၁/က)၊ ပုလဲငွေရောင်လမ်း၊ (၅၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ မြေကွက်အမှတ်(၄၀၁/က)၊ ဧရိယာ(၂၀x၆၀)ပေအကျယ်အဝန်းရှိပါမစ်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးသန်းရွှေ (CA - ၀၀၀၅၈၅)အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဦးတင်လှ (TGKN-၀၁၂၂၅၇)မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်၊ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်အိမ်ကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြိုးဖြိုးမြင့် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၇၆)**
**အမှတ်(၉)၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၅၄၃၂**

### အများသိစေရန် ကြေညာချက်

၁။ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ ဇီဝစိုးလမ်း၊ မြေတိုင်း ရပ်ကွက် အမှတ်(၁၄/၃)၊ မြေကွက်အမှတ်(၂၁၅/၁)၊ အမှတ်(၂၁၅/ခ)တွင် (၂)ခန်းတွဲ(၃½)ထပ်တိုက်အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်အား ဌာန၏၂-၅-၂၀၁၃ရက်စွဲပါ စာအမှတ်၁၅၀/၂၃၈/စည်ပင်-ယာ(အုံ)မြေအမည်ပေါက် မြေရှင် ဦးကျော်ညိမ်းနှင့် လိုင်စင်ရအင်ဂျင်နီယာဦးကိုကိုနိုင်(LS-၄၀) တို့ဖြင့် ဆောက်လုပ် ခွင့်ပြုခဲ့ပါသည်။

၂။ အဆိုပါ (၃½)ထပ်တိုက် အဆောက်အအုံ၏ အဆောက်အအုံ ပြီးစီးကြောင်းလက်မှတ်(BCC)အား မြေရှင်ဦးကျော်ညိမ်းကွယ်လွန်သွား ပါသဖြင့် ဇနီးဖြစ်သူ ဒေါ်မြင့်ရီ မှ လျှောက်ထား လာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်းအသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၉၊ လူနေရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ်-၉၀၊ အကျယ်အဝန်း (၄၀x၆၀)ပေ အကျယ်ရှိ ဦးကြည်ဝင်းအမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉၀)၊ ဗိုလ်ဗထူး(၂)လမ်း၊ (၂) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည် ပေါက်သူ ဖခင်ဦးကြည်ဝင်းနှင့် မိခင်ဒေါ်သန်းသန်းတို့ ကွယ်လွန်၍ အမွေဆက်ခံ ပိုင်ဆိုင်ခွင့်ရှိသူများဖြစ်ကြသည့် သားသမီးများဖြစ်သော ဦးသန်းဝင်း [၁၂/စခန(နိုင်)၀၁၀၄၇၉]၊ ဒေါ်လှလှစိုး [၁၂/စခန(နိုင်)၀၂၇၉၂၂]၊ ဒေါ်နီလာအောင်[၁၂/စခန(နိုင်)၀၂၇၉၂၅]၊ ဦးကျော်ကျော်ဝင်း[၁၂/စခန(နိုင်)၀၄၈၉၆၉]၊ ဦးနိုင်မျိုးဝင်း [၁၂/စခန(နိုင်)၀၀၁၅၁၆]၊ ဦးအောင်အောင်[၁၂/စခန(နိုင်)၀၂၇၄၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
|---|---|
| **ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်-၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)** |

**အမှတ်-(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၄၃၁၃၃၉၉၀၊ ၀၉-၅၁၈၁၁၈၅**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
## ပထမနှစ်ကျောင်းသားများခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် အောက်ပါသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပြီး ပေးအပ်မည့်ဘွဲ့များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စီးပွားရေးသိပ္ပံဘွဲ့ (ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ)
B.BSc (Regional Development)

(ခ) စီးပွားရေးသိပ္ပံဘွဲ့ (စာရင်းကိုင်ပညာနှင့်ဘဏ္ဍာရေးပညာ)
B.BSc (Accounting and Finance)

(ဂ) စီးပွားရေးသိပ္ပံဘွဲ့ (အသုံးချစာရင်းအင်းပညာ)
B.BSc (Applied Statistics)

(ဃ) စီးပွားရေးသိပ္ပံဘွဲ့ (ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ)
B.BSc (Marketing Management)

(င) စီးပွားရေးသိပ္ပံဘွဲ့ (လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ)
B.BSc (Social Enterprise Management)

၂။ ဘွဲ့အတွက်သင်တန်းကာလမှာ (၄)နှစ် ဖြစ်ပါသည်။

၃။ အဆိုပါသင်တန်းများသို့လျှောက်ထားသူများသည် ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သူ (မည့်သည့် ဘာသာတွဲမဆို) ဖြစ်ရမည်။

၄။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)သို့ လျှောက်ထားသူများအနက် လက်ခံနိုင်မည့်လူဦးရေ သတ်မှတ်ချက်အရ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်အပေါ်မူတည်၍ ရမှတ်အများအနည်းအလိုက် စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ
(ခ) အမှတ်စာရင်းမူရင်း
(ဂ) ပတ်စပို့စ်ဆိုဒ်(1.3"x1.1") ဓာတ်ပုံ-၄ပုံ
(ဃ) လျှောက်ထားသူနှင့် ၎င်း၏ မိဘ(၂)ပါး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

၆။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာပုံစံကို ၁၉-၈-၂၀၂၄ (တနင်္လာနေ့)မှ စတင်၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန Website http://www.mcrd.gov.mm နှင့် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) Website http://www.ucmt.edu.mm တို့မှ Download ရယူ၍ လည်းကောင်း၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ သင်တန်းရေးရာဌာနမှလည်းကောင်းရယူ၍ စာတိုက်မှဖြစ်စေ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနများ၏ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများမှ တစ်ဆင့်ပေးပို့၍ဖြစ်စေ၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ သင်တန်းရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ စာရွက်စာတမ်း အပြည့်အစုံဖြင့် လျှောက်ထားရမည်။

၇။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ ပထမနှစ်သင်တန်းဝင်ခွင့် လျှောက်ထားခြင်းကို ၁၉-၈-၂၀၂၄ (တနင်္လာနေ့) မှ ၁၅-၁၀-၂၀၂၄ (အင်္ဂါနေ့)အထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၈။ ဝင်ခွင့်လျှောက်လွှာများတွင် ဖြည့်စွက်ထားသည့်အချက်များ ပြည့်စုံမှန်ကန်ခြင်းမရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၉။ တက္ကသိုလ်ဝင်ခွင့်ရရှိသူများကို သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ကြေညာသွားမည်ဖြစ်ပြီး သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန Website http:// www.mcrd.gov.mm နှင့် သမဝါယမနှင့်စီမံခန့်ခွဲမှု ပညာတက္ကသိုလ် (သန်လျင်) Website http:// www.ucmt.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၁၀။ ဝင်ခွင့်လျှောက်လွှာများကို သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ သန်လျင်မြို့သို့ တိုက်ရိုက်လျှောက်ထား ရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၇၉၅၃၀၀၁၅၁ သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့**

စုစုပေါင်းရမှတ်-------

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာ**
**(၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်)**

ဓာတ်ပုံကပ်ရန်
(1.3"x1.1")

| | ကျောင်းသား/ကျောင်းသူ | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|---|
| ၁။ အမည် | | | |
| ၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | | | |
| ၃။ လူမျိုး | | | |
| ၄။ ကိုးကွယ်သည့်ဘာသာ | | | |
| ၅။ မွေးသက္ကရာဇ် | | | |

(တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်တောင်းစဉ်အတိုင်း)

| | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|
| ၆။ မိဘအလုပ်အကိုင်/ရာထူး/ဌာန | | |
| ၇။ မိဘနေရပ်လိပ်စာနှင့်ဖုန်းနံပါတ် | | |

၈။ ဝင်ခွင့်လျှောက်ထားသူ၏
ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ် ----------------------

၉။ ပတ်စပို့စ်ဆိုဒ်(1.3"x1.1") ဓာတ်ပုံသုံးပုံပူးတွဲတင်ပြရန်

၁၀။ အောင်မြင်ခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ရမှတ်များ
အောင်မြင်ခဲ့သည့်ဘာသာတွဲ (............ တွဲ)

| သင်ယူခဲ့သည့်ဘာသာရပ်များ | စာမေးပွဲရမှတ် |
|---|---|
| မြန်မာစာ | |
| အင်္ဂလိပ်စာ | |
| သင်္ချာ | |
| | |
| | |
| | |
| စုစုပေါင်းရမှတ် | |

ခုံအမှတ် --------------------
ခုနှစ် --------------------
စာစစ်ဌာန --------------------
မြို့နယ် --------------------
ပြည်နယ်/တိုင်းဒေသကြီး --------------------

အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။

| မိဘ/အုပ်ထိန်းသူလက်မှတ် | လျှောက်ထားသူ |
|---|---|
| လက်မှတ် --------------- | လက်မှတ် -------------------- |
| အမည် ---------------- | အမည် ---------------------- |
| ရက်စွဲ ----------------- | ရက်စွဲ ----------------------- |

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးခရိုင်၊ ခေါဇာမြို့နယ်ခွဲ (အထက) ခေါဇာ၊ Grade(12)မှ မခင်ခင်ခန့်၏ ဖခင် အမည်မှန်မှာ ဦးအောင်ဝင်း [၁၀/ခဇန(နိုင်)၀၀၁၄၃၅] ဖြစ်ပါကြောင်း။

**ဦးအောင်ဝင်း**

## ဖခင်အမည်မှန်

ရေးခရိုင်၊ ရေးမြို့၊ အထက (၂)၊ Grade (11)မှ မိစန္ဒာလဝန်း၏ ဖခင် အမည်မှန်မှာ ဦးကျော်ဇော်ဦး [၁၀/ရမန (နိုင်) ၁၄၃၃၀၀] ဖြစ်ပါကြောင်း။

**ဦးကျော်ဇော်ဦး**

## အမှားပြင်ဆင်ဖတ်ရှုပါရန်

(၁၄-၈-၂၀၂၄) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ-၁၈ ပါ တရားလွှတ်တော်ရှေ့နေဒေါ်ခင်မာလွင်၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ ခေါင်းစဉ်၌ပါရှိသော ဒေါ်မြင့်မြင့်ဝင်းပိုင် ရွာမြေအစားအိမ်မြေနေရာ ဖော်ပြချက် စာသားတွင် **ဒေါ်မြင့်မြင့်အေး** ပိုင် ရွာမြေအမျိုးအစားအိမ်မြေဟု ပြင်ဆင် ဖတ်ရှုပါရန်။




## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၂/၆)ရပ်ကွက်၊ ဧရာဝတီပတ်လမ်း(၁)၊ အမှတ်(၂၉၄)တွင် ကျွန်ုပ် ဦးကောင်းဇေယျာသွင်မှ အောက်ဖော်ပြပါ အမည်တံဆိပ် (၃)မျိုး

(၁) Kl Star

(၂) Pure Spring

(၃) Hytro Plus

အနက်မှ သင့်လျော်သော အမည်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အထက်ပါအမည်ဖြင့် ရန်ကုန်မြို့ မှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်သွင်း၍ သောက်ရေသန့် ထုတ်လုပ်သည့်လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးကောင်းဇေယျာသွင်**
**[၁၂/ကမရ(နိုင်)၀၇၃၅၂၃]**
**ဖုန်း-၀၉-၂၅၅၇၉၉၈၅၅၊ ၀၉-၅၀၂၄၅၉၉**

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း ”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ အိုးအိမ်ပါမစ်မြေကွက်အမှတ်(၁၄၉၇)ဟုခေါ်တွင်သော မြေကွက်အကျယ်အဝန်းဧရိယာ(အလျား(၄၀)ပေxအနံ(၆၀)ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဦးဝေဇင် [၁၂/သကတ(နိုင်)၁၂၇၂၇၈] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးအောင်ဇေယျာမျိုး [၅/မရန(နိုင်)၁၉၁၄၀၆]သည် ဖော်ပြပါမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း၊ မူရင်းစာရွက်စာတမ်း၊ အထောက်အထားများနှင့်အတူ၊ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မင်းမင်းစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၁၄ )**
**ရှေ့နေများရုံးခန်း၊ သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်မင်္ဂလာလမ်း၊ အောင်သိဒ္ဓိရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၆၉၂၂၅၉၄၅၇၊ ၀၉-၇၅၀၁၁၁၀၉၅**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၆)ရပ်ကွက်၊ မြယမုံစမ်းရိပ်မြုံအိမ်ရာ၊ အမှတ်(၁၂၃)နေ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ရွှေစင်သန်း (ဘ)ဦးဖြူ(ခ) ဦးဘကြည် [၁၂/သဃက(နိုင်)၁၅၆၅၂၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။ ကျွန်ုပ်၏အမှုသည် ၎င်း၏ခင်ပွန်း ဦးကျော်မြတ်ဦး (ဘ) ဦးသန်းထွေး၏သား[၁၂/စခန(နိုင်)၀၆၄၃၃၇] နှင့် (၁၀-၂-၂၀၀၇)ရက်နေ့တွင် ဗုဒ္ဓဘာသာမြန်မာဓလေ့ထုံးတမ်း ဥပဒေအရ တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြရာ (၂-၁၁-၂၀၁၂)ရက်နေ့တွင် သမီးဖြစ်သူ Emilla Lin အား မွေးဖွားလာခဲ့ပါသည်။ ခင်ပွန်းသည် ဦးကျော်မြတ်ဦးသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၄ အထိ အိုမန်နိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ခဲ့သလို ၂၀၁၅ မှစ၍ ယနေ့အထိ စင်ကာပူနိုင်ငံတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။ ထိုသို့ နိုင်ငံရပ်ခြားတွင် ခင်ပွန်းဖြစ်သူ အလုပ်လုပ်ကိုင်နေစဉ်တွင် ကျွန်ုပ်၏အမှုသည်သည် မယားဝတ္တရားများ ကျေပွန်စွာထမ်းဆောင်ခဲ့ပါသည်။ ၎င်းအပြင် သမီးလေး Emilla Lin ပညာရေးကို မိခင်တာဝန်ကျေပွန်ခဲ့ပါသောကြောင့် သမီးဖြစ်သူသည် ယခုအခါ စင်ကာပူနိုင်ငံတွင် ပညာသွားရောက်သင်ယူနေသည်အထိ မိခင်တာဝန်ပြည့်ဝခဲ့ပါသည်။ တစ်ခါတစ်ရံ ခင်ပွန်းဖြစ်သူ၏ စိတ်၏ဆင်းရဲခြင်း ကိုယ်၏ဆင်းရဲခြင်းများ မဖြစ်မနေ ကျွန်ုပ်အမှုသည်ထံ လာရောက်ပေးအပ်သည့်အခါ ကျွန်ုပ်အမှုသည်သည် သည်းခံကာ သားကိုသခင် လင်ကိုဘုရားဆိုဘိသကဲ့သို့ ပေါင်းသင်းနေထိုင်လာခဲ့သော ဇနီးကောင်းတစ်ယောက်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်အမှုသည်သည် ခင်ပွန်းသည်အပေါ် အပြန်အလှန်လေးစားလိုက်နာလျက် ခင်ပွန်း ဦးကျော်မြတ်ဦးအပေါ် စိတ်၏ဆင်းရဲခြင်း ကိုယ်၏ဆင်းရဲခြင်းများ လုံးဝပြုမူဆောင်ရွက်နေထိုင်ခဲ့ခြင်းမရှိပါ၍ ကျွန်ုပ်အမှုသည်နှင့်ခင်ပွန်း ဦးကျော်မြတ်ဦး တို့သည် ယနေ့အထိ တရားဝင်အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းနေထိုင်ခဲ့ကြပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်မြတ်စိုး(စဉ်-၇၄၆၇)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၇၈၂၁၆၁၅၉၃**

## “အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ အမှတ်-၂၄၇/၂၆၉၊ Delta Plaza ရှိ တိုက်အမှတ်-C ၊ အခန်းအမှတ်-၃၀၂ ဟုခေါ်တွင်သော တိုက်ခန်းအပါအဝင်တွယ်ကပ်တပ်ဆင်ထားသောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် လူမှုဝန်ထမ်းဦးစီးဌာနတွင် ဒေါ်လေးလေးနွယ် [၁၁/စကန(နိုင်)၀၀၃၉၉၆]က အမည်ပေါက်ပြီး ၎င်းထံမှ ဝယ်ယူထားသူဦးစိုးမြတ်ထွဋ် [၁/ဗမန(နိုင်)၀၇၁၈၁၃] က စာရွက်စာတမ်းမူရင်းများနှင့်တကွ အခန်းအားတရားဝင်လက်ရှိထား စီမံခန့်ခွဲလျက်ရှိကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်မြတ် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၉)**
**အမှတ်-၁၇၈၊ အခန်း(၅)၊ ဒုထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၈၂၁၉၂၊ ၀၉-၅၄၁၂၇၅၊ ၀၉-၉၇၅၅၅၇၇၄၅**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ မြယာရိုးကွက်သစ် (၁)ရပ်ကွက်၊ ၁၇-လမ်း၊ အမှတ် (၆၃၉)၊ အကျယ်အဝန်း (၆၀ x ၂၀) ပေရှိ ဦးလွှမ်းနောင် အမည်ဖြင့် သန်လျင်မြို့ မြေစာရင်းတွင် မှတ်သားတည်ရှိသော မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သဲသီရိဇော် [၁၂/သလန(နိုင်)၁၁၆၇၈၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွေးနွေးအောင် [၁၂/ရကန(နိုင်)၀၇၅၁၃၀]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်နွေးနွေးအောင်** | **ဒေါ်ဇေရီ (LL.B), D.B.L** |
| **[၁၂/ရကန(နိုင်)၀၇၅၁၃၀]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၇၆)** |
| | **အမှတ်-၂၁၊ ထူပါရုံ (၁)ရပ်ကွက်၊** |
| | **နှင်းဆီလမ်း၊ စုပေါင်းအိမ်ရာ၊** |
| | **သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉-၂၆၄၉၇၉၈၈၉** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၅၀၊မြေကွက်အမှတ်-၁၁၀၊မြေကွက်တည်နေရာအမှတ်-၁၁၀၊ဇင်ယော်လမ်း၊(၅၀)ရပ်ကွက်၊ဒဂုံမြောက်၊ဦးမျိုးဝင်း(CE-၁၀၂၄၃၁)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအားဂရန်အမည်ပေါက်-ဦးမျိုးဝင်း(ဖခင်)ကွယ်လွန်နှင့်ဒေါ်ခင်မေ(မိခင်)တို့အသီးသီးကွယ်လွန်သဖြင့်၎င်းတို့မှမွေးဖွားသည့်သားသမီးများဖြစ်ကြသောဒေါ်သက်သက်ဝင်း(၁၂/ဥကတ(နိုင်)၀၁၇၈၀၆)၊ဒေါ်မေရီဝင်း(၁၂/ဥကတ(နိုင်)၀၅၇၉၇၈)၊ဒေါ်မေအေးဝင်း(၁၂/ဥကတ(နိုင်)၀၅၄၀၆၅)၊ဒေါ်ခင်မျိုးသန်း(၁၂/ဥကတ(နိုင်)၀၅၄၀၄၀)တို့မှတရားဝင်အမွေဆက်ခံခွင့်ရှိသည့်သားသမီးများတော်စပ်ကြောင်း၊မိမိတို့မှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ကိတ္တိမသားသမီးများလည်းမွေးစားထားခြင်းမရှိကြောင်း၊အထက်ပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားမြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရမိမိတို့သာတရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း၊ကျမ်းကျိန်လွှာ၊ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊မိဘများ၏သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဂရန်၊နိုင်ကတ်တို့တင်ပြ၍မြေပုံကူးလျှောက်ထားလာရာမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေကွက်လပ်ဖြစ်ပြီး GPရသူဒေါ်ရတနာဦးမှကွင်းဆင်းဖောင်တွင်ကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသဖြင့်ဒေါ်သက်သက်ဝင်း+၃၏GPဒေါ်ရတနာဦးမှပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် ပြန်လည်အသိပေးကြေညာခြင်း

(၁၀-၈-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၄)နှင့် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၂၅)တွင်ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ပွင့်ဖြူဖြူလွင်၏အများသိစေရန် အသိပေးကြေညာခြင်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း လူကြီးမင်း၏ကြေညာချက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်လရောင်လမ်းရှိ အမှတ်(၃၃)ဟုခေါ်တွင်သောမြေညီထပ်၊ ဘယ်ဘက်အခြမ်းရှိ တိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမောင်မောင်စိုးနှင့် လွန်ခဲ့သော (၃၅)နှစ်ခန့်ကတည်းက ပေါင်းသင်းနေထိုင်လာ ခဲ့သည့် ဇနီးဖြစ်သူ ဒေါ်နှင်းဆီတို့မှ (၂၄-၃- ၂၀၁၅) ခုနှစ်တွင် ဝယ်ယူခဲ့ကြသောတိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်စိုးနှင့် ဒေါ်နှင်းဆီတို့၏ လက်ထက်ပွားတိုက်ခန်း ဖြစ်သည့်အပြင် အဆိုပါတိုက်ခန်းအား ဝယ်ယူပြီးဖြစ်သည့်အချိန်ကတည်းက ဒေါ်နှင်းဆီသည် ယနေ့အချိန်ထိနေထိုင်လာခဲ့ခြင်းဖြစ်ပါသည်။ ဦးမောင်မောင်စိုးနှင့် ဒေါ်နှင်းဆီ တို့တွင် သားဖြစ်သူ မောင်သက်ပိုင်စိုးအားမွေးဖွားခဲ့ပြီး အကြင်လင်မယားအဖြစ် ဦးမောင်မောင်စိုး ကွယ်လွန်ခဲ့သည့်အချိန်အထိ ပေါင်းသင်းနေထိုင်လာခဲ့ကြသူများဖြစ်ပါသည်။ ထို့အပြင် လူကြီးမင်း၏မိတ်ဆွေများဖြစ်သော မောင်နှမ(၃)ဦးအားလည်း သင့်တော်သည့် အမွေများခွဲဝေပေးပြီးဖြစ်သဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဆီလက်ရှိနေထိုင်လျက်ရှိသော အထက်ဖော်ပြပါအခန်းအား ကျွန်ုပ်မိတ်ဆွေမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းပိုင်ခွင့်ရှိကြောင်း လူကြီးမင်းမှ သိစေအပ်ပါသည်။ ထိုသို့မဟုတ်ဘဲ တရားစွဲဆိုဆောင်ရွက်လာပါကလည်း ကျွန်ုပ်မိတ်ဆွေ၏ လက်ဝယ်တွင်ရှိသော စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ကြောင်းကို ဦးဝင်းနိုင်၊ ဒေါ်တူးတူးမာနှင့် ဒေါ်မိုးသူဇာတို့နှင့်အများသိစေရန် ပြန်လည်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီလာ**
**L.L.B, D.B.L, D.I.L, D.I.R, C.B.D,S (MOFA)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၈၁)**
**Ph: 09-785555030, 09-440440710**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃/ရန်ပြေ)ရပ်ကွက်၊ (၂၀)လမ်း(အရှေ့)၊ မြေကွက်အမှတ်(၁၂၉၃/ခ+၁၂၉၄/ခ) အကျယ်အဝန်း (၄၀ ပေx ၆၀ ပေ)ရှိမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦ၏ ပထမထပ်(ထောင့်ခန်း)၊ တိုက်ခန်းအမှတ်(C-2)၊ အကျယ်အဝန်း(၁၃ ပေx ၅၄ ပေ)ရှိ ရေ၊ မီးစုံ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းမာမြင့် [၁၂/သကတ(နိုင်)၀၃၂၇၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆွေဇင်ဦး LL.B, D.B.L, D.I.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၄၄)**
**အမှတ်(၅၁၄)၊ မာန်ပြေ(၁၂)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၈၀၀၁၂၃၈၅၊ ၀၉-၆၈၈၆၀၁၈၃၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ (၂၀) လမ်းအရှေ့၊ မြေကွက်အမှတ်(၁၂၅၂/က)၊ အကျယ်အဝန်း(၂၀ ပေx၆၀ ပေ)ရှိ ( ဦးစံသိန်း+ဦးအေးသိန်း) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်အနက်မှ (ခေါင်းရင်းဘက်) အကျယ်အဝန်း (၁၀ ပေx၆၀ ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန္ဒာထွန်း[၁၂/ရပသ(နိုင်)၀၃၈၆၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်အေး [၁၂/တမန(နိုင်)၀၀၁၇၅၄]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆွေဇင်ဦး LL.B, D.B.L, D.I.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၄၄)**
**အမှတ်(၅၁၄)၊ မာန်ပြေ(၁၂)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၈၀၀၁၂၃၈၅၊ ၀၉-၆၈၈၆၀၁၈၃၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ(၁၃)လမ်းအရှေ့၊ အမှတ်(၇၀/က) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀'× ၆၀') ရှိ မြေနှင့်နေအိမ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းရီ (၁၂/သကတ(နိုင်)၀၃၀၃၃၃) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်း မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးမျိုးသန့် (ခ) ဦးမောင်ကြီး | ဒေါ်တင်မိုးခိုင် |
| LL.B (စဉ် - ၁၀၅၇၇) | LL.B (စဉ် - ၄၂၁၆၉) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(၁၂၁၂/ခ)၊ တိုးရဲ(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း - ၀၉-၇၉၇၁၆၃၈၆၅၊ ၀၉-၇၉၅၃၈၆၄၄၇

## “သတိပေးကြော်ငြာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်(တောင်ကြီးမြောက်)၊ ချစ်ကြည်ရေးလမ်း၊ အမှတ်(၉၂၄/က)၊ မြေတိုင်းရပ်ကွက်(၁၅)၊ မြေကွက်အမှတ်(၉၂၄/က)ဟုခေါ်တွင်သည့် မြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာချို [၁၄/ဖပမ(နိုင်)၁၁၈၃၆၄]က ပါမစ်မူရင်းနှင့်တကွ အဆက်အစပ်စာချုပ်များဖြင့် (၈-၇-၂၀၂၂)ရက်နေ့က “**ဝယ်ယူပိုင်ဆိုင်လက်ရှိ**” ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် ဝယ်ယူစဉ် ပါရှိသည့်အိမ်ဟောင်းအားဖျက်၍ ခြံစည်းရိုးခတ်ထားပြီး “**ပိုင်ရှင်ရှိသည် မကျူးကျော်ရ၊ ရောင်းရန်မဟုတ်ပါ**” ခြံစည်းရိုးတွင်ချိတ်ဆွဲထားရှိပါသည်။ ကျွန်ုပ်မိတ်ဆွေသည် သက်ဆိုင်ရာများသို့ တရားဝင်စာပေးပို့ထားပြီးဖြစ်၍ “**မည်သူမှ မည်သည့်နည်းနှင့်မှ ကျွန်ုပ်မိတ်ဆွေ ခြံဝင်းသို့ ကျူးကျော်ဝင်ရောက်ခြင်းမပြုရန်နှင့် အရောင်းအဝယ်မပြုလုပ်ကြပါရန်**” သတိပေးကြေညာအပ်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့သည်ရှိသော် ပြုလုပ်သူများ၊ ပြုလုပ်မှုတွင် တစ်နည်းနည်းနှင့်ပါဝင်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရန်နိုင်ဦး**
**အထက်တန်းရှေ့နေ့ (စဉ်-၄၆၇၁၆)**
**အမှတ်(၁၄၀)၊ ဒုတိယထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ကြီးပွားရေး/တောင်)၊ သွပ်ဝိုင်းကြီး၊ သံသုမာလမ်း၊ မြေကွက်အမှတ်(၂၅၀/က)၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိနှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်ညွန့်ကြည် [၁၂/ဗတထ(နိုင်)၀၁၅၁၆၃]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက် ကိုယ်တိုင်မှ မိမိတစ်ဦးတည်း သာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်ချန်ပေါင်လူး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၅၆၃)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၄၉၈)** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ်(၃၉) ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၇)ထပ်တိုက်၏ ဆဋ္ဌမထပ်၊ (၇-လွှာ/A)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း ( ၁၂ $\frac{၁}{၂}$ x ၅၀ ) ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ ဒေါ်အေးအေးနိုင် [၁၂/ဗဟန(နိုင်)၀၄၇၄၇၅] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက် ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B(စဉ်-၁၀၀၆၃)** | **LL.B,DBL(စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉-၄၂၁၀၃၅၉၆၃** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀** |

**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အမိန့်နာခံမှု ရှိခြင်းသည် အလွန်အရေးကြီးသကဲ့သို့ စည်းကမ်းကောင်းမွန်ရန်လည်းလိုအပ်...**

❖ **စည်းကမ်းကောင်းမွန်ခြင်းသည်လည်း အမိန့်နာခံမှုရှိခြင်းပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## မန်ယူအသင်းက ဖူလ်ဟမ်အသင်းကို အနိုင်ရပြီး ရာသီအစအဖွင့်ပွဲစဉ်မှာ နိုင်ပွဲနဲ့စတင်



မန်ယူအသင်းကစားသမားများ ဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီမီယာလိဂ်ပွဲစဉ်(၁)ရဲ့ အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်ယူအသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ ပွဲစဉ်မှာ မန်ယူအသင်းက ဖူလ်ဟမ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် ရာသီအစ အဖွင့်ပွဲစဉ်မှာ နိုင်ပွဲနဲ့ စတင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

**ရာသီအဖွင့်လှခဲ့**

မန်ယူအသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိခဲ့ပေမယ့် မန်ယူအသင်းက ဒုတိယပိုင်း ပွဲကစားချိန် ၈၇ မိနစ်မှာ အသစ်ခေါ်ယူထားတဲ့ ဇာဇီးရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ ဖူလ်ဟမ်အသင်းကို အနိုင်ရရှိခဲ့ပြီး ရာသီအစအဖွင့်လှခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❍

**ယနေ့ ဖတ်စရာ**

**တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

---

**၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ**

စာမျက်နှာ » ၁၈



ရာမညယူနိုက်တက်နှင့် Chinland အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL-2 ပြိုင်ပွဲတွင် ရာမညယူနိုက်တက်အသင်း ဂိုးပြတ်နိုင်ပွဲရရှိ

ရန်ကုန် ဩဂုတ် ၁၇

၂၀၂၄ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄) နောက်ဆုံးနေ့ကို ဩဂုတ် ၁၇ ရက်က တက္ကသိုလ်ကွင်း၌ ဆက်လက်ကျင်းပရာ ရာမညယူနိုက်တက်အသင်းက Chinland အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။

ယခုရာသီမှ MNL-2 ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရသည့် ရာမညယူနိုက်တက်အသင်းသည် MNL မှ တန်းဆင်းလာရသည့် Chinland အသင်းကို ဂိုးပြတ်သွင်းယူပြီး အမှတ်ပေးဇယား ဒုတိယနေရာသို့

စာမျက်နှာ ၁၅ ကော်လံ ၃ သို့ ❒

## ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲရယူပြီး ဒုတိယနေရာ ရောက်လာ

ရန်ကုန် ဩဂုတ် ၁၇

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇) ဒုတိယနေ့ကို ဩဂုတ် ၁၇ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက အား/ကာသိပ္ပံအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။



ရန်ကုန်ယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ယမန်နေ့က ကစားသည့်ပွဲတွင် ဟံသာဝတီအသင်း ရှုံးပွဲကြုံတွေ့မှုကို ရန်ကုန်ယူနိုက်တက် အသင်းက အကောင်းဆုံးအသုံးချကာ နိုင်ပွဲနှင့်အတူ အမှတ်ပေးဇယား ဒုတိယနေရာ တက်လှမ်းနိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ဦးဆောင်ဂိုးစတင်ရရှိသော်လည်း ဂိုးများပြန်ပေးရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

**ဦးဆောင်ဂိုးသွင်းယူ**

ရန်ကုန်ယူနိုက်တက်အသင်းသည် ဒေးဗစ်ထန်၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင်၊ ရန်နိုင်ဦး၊ ဝေလင်းအောင်တို့ဖြင့် လူစုံပွဲထွက်လာပြီး အား/ကာသိပ္ပံအသင်းမှာမူ ဇင်ရဲနောင်၊ သိန်းဇော်သီဟ၊ နိုင်နိုင်ကျော်၊ ဝင်းပြည့်မောင်စသည့် အမာခံကစားသမားများကို အသုံးပြုခဲ့သည်။ ၂၅ မိနစ်တွင် ခိုင်ရဲဝင်းက အား/ကာသိပ္ပံအသင်းအတွက်

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖